# အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ

(မူကြမ်းများ)

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စု မြန်မာနိုင်ငံ)
Ethnic Nationalities Affairs Center (Union of Burma)

မှ တတိယအကြိမ် ပုံနှိပ်ခြင်း

(၂၀၁၈ ခုနှစ်၊ မေလ)

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပထမအကြိမ်။ | ၂၀၁၆ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ။ | ၁၀၀၀ |
| ဒုတိယအကြိမ်။ | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ။ | ၂၀၀၀ |
| တတိယအကြိမ်။ | ၂၀၁၈ ခုနှစ်၊ မေလ |
| အုပ်ရေ | ၅၀၀၀ |
| ထုတ်ဝေသူ။ | တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)<br>Ethnic Nationalities Affairs Center (Union of Burma) |



email: info@burmaenac.org
website: www.burmaenac.org

P.O. Box 5
Chang Phauk, A. Mueang
Chiang Mai, 50302, Thailand

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျေးဇူးတင်လွှာ | ၁ |
| | အမှာစာ (၁) | ၂ |
| | အမှာစာ (၂) | ၃ |
| | နိဒါန်း | ၄ |
| | မူဝါဒဖော်ဆောင်ရေး လုပ်ငန်းဖြစ်စဉ် | ၈ |
| ၁။ | ကျန်းမာရေး မူဝါဒများ (မူကြမ်း) | ၁၂ |
| ၂။ | ပညာရေး မူဝါဒများ (မူကြမ်း) | ၁၈ |
| ၃။ | မြေယာ မူဝါဒများ (မူကြမ်း) | ၂၅ |
| ၄။ | သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၃၁ |
| ၅။ | စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၃၉ |
| ၆။ | ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒုက္ခသည်များဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၄၆ |
| ၇။ | လူသားချင်းစာနာထောက်ထားမှုအကူအညီဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၅၃ |
| ၈။ | အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၅၈ |
| ၉။ | ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၆၃ |
| ၁၀။ | သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၇၀ |
| ၁၁။ | စွမ်းအင်ဆိုင်ရာ မူဝါဒများ (မူကြမ်း) | ၇၆ |
| | ဓာတ်ပုံမှတ်တမ်းများ | ၈၂ |

# ကျေးဇူးတင်လွှာ

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက်မူဝါဒများ ဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAOs) များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီ (EPPs) များမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း (CSOs) များနှင့် လူထုအခြေပြုအဖွဲ့အစည်း (CBOs) များမှ ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပကျွမ်းကျင်သူများကို တိုင်းရင်းသားလူမျိုးများရေးရာစင်တာ-ပြည်ထောင်စုမြန်မာနိုင်ငံ (ENAC) ကိုယ်စား များစွာ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

၎င်းအပြင် ENAC အဖွဲ့ဝင်များ EAOs ဌာနချုပ်များသို့ ကွင်းဆင်းတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရာတွင် အကူအညီပေးခဲ့ကြသော EAOs ခေါင်းဆောင်များနှင့် CSOs/CBOs ခေါင်းဆောင်များအားလည်းကောင်း၊ ပြည်နယ် (၇) ခုနှင့် စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးများသို့ ကွင်းဆင်းတွေ့ဆုံဆွေးနွေးပွဲများတွင် အကူအညီပေးခဲ့ကြသော နိုင်ငံရေးပါတီ (PPs) ခေါင်းဆောင်များ၊ CSOs/CBOs ခေါင်းဆောင်များနှင့် အစိုးရတာဝန်ရှိသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်မှုဖြစ်စဉ်တွင် အဓိကသက်ဆိုင်ရာအစုအဖွဲ့များဖြစ်ကြသည့် EAOs များ၊ PPs များ၊ CSOs/CBOs အဖွဲ့အစည်းများ၏ ခေါင်းဆောင်ကိုယ်စားလှယ်များအကြား မူဝါဒဆိုင်ရာတူညီသော ဘုံနားလည်မှုများရှိရန် အရေးကြီးသည့်အလျောက် ENAC အနေဖြင့် ဤမူဝါဒများကို ဖော်ဆောင်ခဲ့ပါသည်။

ENAC ဘုတ်အဖွဲ့၏ ဦးဆောင်မှုအောက်တွင် ဤမူဝါဒများကို ဖော်ဆောင်ရာတွင် အောက်ခြေမှအထက်သို့ ချဉ်းကပ်နည်းနှင့် အားလုံးပါဝင်သည့်မူကို အခြေခံပါသည်။ ၎င်းအခြေခံမူဖြင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ကွင်းဆင်းတွေ့ဆုံဆွေးနွေးပွဲများနှင့် ပြန်လည်စိစစ်သည့်အလုပ်ရုံဆွေးနွေးပွဲ စသည့်အဆင့်ဆင့်သော လုပ်ငန်းစဉ်များဖြင့် မတူကွဲပြားသော ဒေသများနှင့် လူမျိုးများမှအမြင်များ၊ အကြံပြုချက်များ ပါဝင်လာနိုင်အောင် လုပ်ဆောင်ခဲ့ပါသည်။ သို့သော် ယခုရရှိထားသောကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ (၁၁) ခုသည် မူကြမ်းအဆင့်သာဖြစ်ပြီး ပိုမိုပြည့်စုံသည့်မူဝါဒအကြံပြုချက်များဖြစ်ရန် ဆက်လက်လုပ်ဆောင်ရဦးမည် ဖြစ်သည်။

ENAC အနေဖြင့် ဤမူဝါဒများဖြစ်ပေါ်လာအောင် စီစဉ်ဆောင်ရွက်ပေးသည့် အခန်းကဏ္ဍတွင်ရှိပြီး EAOs အဖွဲ့အစည်းများ၊ PPs အဖွဲ့အစည်းများ၊ CSOs/CBOs အဖွဲ့အစည်းများ၏ ခေါင်းဆောင်ကိုယ်စားလှယ်များမှ စုပေါင်းအကြံပြုရေးသားထားသည့်အတွက် အားလုံးပူးပေါင်းပိုင်ဆိုင်သည့် မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပေသည်။ သို့ဖြင့် ဤမူဝါဒအကြံပြုချက် (မူကြမ်း) များသည် အမျိုးသားအဆင့်နှင့် ဒေသအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံဆွေးနွေးပွဲများတွင် ကိရိယာတစ်ခုသဖွယ် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

ဇိုသုန်းမှုန်
အလုပ်အမှုဆောင်ဒါရိုက်တာ
တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

# အမှာစာ

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍ အလိုက် ဤမူဝါဒအကြံပြုချက် (မူကြမ်း) များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး နှင့်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံသို့ အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင်ပါဝင်မည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန် ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီ များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများအကြား မူဝါဒဆိုင်ရာ တူညီသောဘုံနားလည်မှုများ (Common Understandings) ရရှိ ရန်အတွက် တိုင်းရင်း သားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ (၂) နှစ်ကြာ အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ပြီး ရရှိလာသော မူဝါဒ (မူကြမ်း) များဖြစ်ပါသည်။ တိုင်းရင်းသားလူ မျိုးများရေးရာစင်တာနှင့်အတူ အဖက်ဖက်မှပါဝင်ကူညီခဲ့ကြသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအသီးသီးများအား ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (United Nationalities Federal Council - UNFC) ကိုယ်စား ကျေးဇူးအထူးတင်ရှိပါသည်။

ပထမအကြိမ် ထုတ်ဝေလိုက်သောမူကြမ်း (၉) ခုကို လူထုသို့ချပြရာတွင်ဖြစ်စေ၊ နိုင်ငံရေး ဆွေးနွေးပွဲများနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြုစုရာတွင်ဖြစ်စေ အလျဉ်းသင့်သလို အသုံးပြုသွားရန် (UNFC) ၏ ဇွန်လ (၁-၃)၊ ၂၀၁၆ ခုနှစ်၊ အလုပ်အမှု ဆောင်အစည်းဝေးတွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဤမူဝါဒမူကြမ်း (၉) ခုကို ပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ နိုင်ငံရေးပါတီများ၊ လူထုအခြေပြု အဖွဲ့ အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်များ ပါဝင် လာသည့်အတွက် ပိုမိုပြည့်စုံသောမူဝါဒအကြံပြုချက်များ ဖြစ်လာပါသည်။ ထို့အပြင်အသစ်ရေးသားထားသောမူဝါဒ(၂)ခုကိုထပ်မံဖြည့်ထားသည့်အတွက် ယခုဒုတိယအကြိမ်ထုတ်ဝေသည့်အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက် ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက် (မူကြမ်း) စာအုပ်တွင် ကဏ္ဍအားဖြင့် ပိုမိုပြည့်စုံလာသည့်အပြင် ကိုယ်စားပြုမှုအပိုင်းများတွင်လည်း ပိုမို ကျယ်ပြန့်လာပါသည်။ အခြားကဏ္ဍများအတွက် မူဝါဒများကိုလည်း ဆက်လက်ဖော် ဆောင်သွားရန် အကြံ ပြုလိုပါသည်။

ဤမူဝါဒ (မူကြမ်း) များသည် တိုင်းရင်းသားလူမျိုးများတောင်းဆိုနေသည့် တန်းတူအခွင့်အရေး အတွက် ကဏ္ဍအားလုံးဟု မဆိုနိုင်သော်လည်း အရေးကြီးသည့်ကဏ္ဍ (၁၁) ခုကို စတင်နိုင်ပြီးဟု ဆိုနိုင် ပေသည်။ ထို့ကြောင့် ဤမူဝါဒ (မူကြမ်း) များသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲများ အဆင့်တိုင်း တွင်လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် လည်းကောင်း အထောက်အကူပြုနိုင်မည်ဟု မြင်ပါသည်။


နိုင်ဟံသာ

ဥက္ကဋ္ဌ

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)

ဥက္ကဋ္ဌ၊ ဘုတ်အဖွဲ့

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)



# အမှာစာ

အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သောကဏ္ဍအလိုက် ဤမူဝါဒအကြံပြုချက် (မူကြမ်း) များသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ဆောက်မှုဖြစ်စဉ်တွင် ပါဝင်ကြမည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား မူဝါဒဆိုင်ရာ တူညီသောဘုံနားလည်မှုများ (Common Understandings) ရရှိရန်အတွက် တိုင်းရင်းသား လူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ အလုပ်ရုံဆွေးနွေးပွဲများဖြင့် (၂) နှစ်ကြာဖော်ဆောင် ပြီးမှ ရရှိလာသော မူဝါဒ (မူကြမ်း) (၁၁) ခု ဖြစ်ပါသည်။ မိမိတို့စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (United Nationalities Allaince- UNA) အနေဖြင့် ဤ မူဝါဒဖော်ဆောင်ရေးဖြစ်စဉ်တွင် အစကတည်းက ပါဝင်လာသည့်အဖွဲ့အစည်းဖြစ်ပြီး ယခုဤမူကြမ်းများကို (UNA) က မူအရ လက်ခံအတည်ပြုထားပါသည်။

ဤမူဝါဒ အကြံပြုချက် (မူကြမ်း) များသည် တန်းတူရေးအခြေခံဖြင့် ဖက်ဒရယ်ပြည်ထောင်စုကိုတည်ဆောက်ရန် ကြိုးစားနေသည့် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အလွန်အရေးကြီးသည့် မူဝါဒအကြံပြုချက်များ ဖြစ်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်အောက်တွင် ပြည်နယ်များသည် မိမိတို့ပြည်နယ်အတွက် ကဏ္ဍအလိုက်သင့်တော်မည့် ပေါ်လစီများကို ချမှတ်ထားနိုင်မှသာ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏လုပ်ပိုင်ခွင့်အာဏာများ ရှင်းလင်းစွာ ရှိလာမည်ဖြစ်သည်။ ဤမူဝါဒအကြံပြုချက်များသည် ယင်းသို့သော ပေါ်လစီများကို ချမှတ်ရာတွင် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

၎င်းမူဝါဒကို ပြည်နယ်များနှင့်တိုင်းဒေသကြီးများရှိ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်များကို ရယူခဲ့သဖြင့် ပိုမိုပြည့်စုံသော အကြံပြုချက်များနှင့်ကိုယ်စားပြုမှုပိုမိုကျယ်ပြန့်လာသော ပေါ်လစီမူဝါဒ အကြံပြုချက်များ ဖြစ်လာပါသည်။ သို့ဖြင့် ဤမူဝါဒသည် ကျနော်တို့တိုင်းရင်းသားအားလုံး စုပေါင်းဖော်ဆောင်ထားသည့် မူဝါဒအကြံပြုချက်ဖြစ်သည့်အတွက် အားလုံးပူးပေါင်းပိုင်ဆိုင်သည့် မူဝါဒအကြံပြုချက် (မူကြမ်း) ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဤမူဝါဒများသည် မူကြမ်းအဆင့်သာရှိပြီး ပိုမိုပြည့်စုံသည့် အကြံပြုချက်များဖြစ်ရန် လုပ်ဆောင်ရဦးမည်ဖြစ်သော်လည်း ယနေ့ပြုလုပ်နေသည့် အမျိုးသားအဆင့်၊ ဒေသအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် လမ်းညွှန်မှုအဖြစ် အသုံးပြုနိုင်မည်ဟု ယုံကြည်ပါသည်။

စိုင်းညွှန့်လွင်
အတွင်းရေးမှူးအဖွဲ့ဝင်
စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA)

# နိဒါန်း

အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံသင့်သောကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ စာအုပ်ကို တတိယအကြိမ် ထုတ်ဝေခွင့်ရသည့်အတွက် များစွာ ဝမ်းမြောက်မိပါသည်။ ၂၀၁၈ ဖေဖော်ဝါရီလတွင် တိုင်းရင်းလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ နှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော (CWGs) ခေါ်အလုပ်အဖွဲ့ဝင်များ တို့ကိုဖိတ်ခေါ်၍ ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များဆိုင်ရာ ရှေ့ဆက်လုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုချက်များနှင့်အညီ ဤတတိယမူကြမ်းတွင် ကြားကာလဟူသည့် ဝေါဟာရ၏ အဓိပ္ပါယ်နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒုက္ခသည်များဆိုင်ရာ ဝေါဟာရများကို ပိုမိုဆီလျော်စေရန် ပြင်ဆင်ဖွင့်ဆို ထားပါသည်။ ထို့အပြင် စာအထားအသို (Format) အချို့ကိုလည်း ပိုမို ရှင်းလင်းစေရန် ပြင်ဆင်ပြောင်းလဲထားပါသည်။ ယခင်ထုတ်ဝေခဲ့သော စာအုပ်များနှင့် သဲကွဲစေရန် ဤစာအုပ်၏ အရောင်ကိုလည်း ပြောင်းလဲထားပါသည်။ သို့ရာတွင် စာအုပ်တွင်ပါရှိသော အကြံပြုချက်များ၊ အခြေခံလမ်းညွှန်မှုများနှင့် အခြားအကြောင်းအရာများကိုမူ ပြင်ဆင်ပြောင်းလဲထားခြင်း မရှိပါ။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသို့ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ပါဝင်ကြမည့် တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ[1] (EAOs)၊[2] တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs)၊[3] အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs)[4] နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs)[5] အကြား မူဝါဒဆိုင်ရာ တူညီသောဘုံနားလည်မှုများ (Common Understandings)

---

[1] Kachin Independence Organization (KIO), New Mon State Party (NMSP), Shan State Progress Party/Shan State Army-North (SSPP/SSA), Karen National Union (KNU), Karenni National Progressive Party (KNPP), Palaung State Liberation Front (PSLF), Chin National Front (CNF), Lahu Democratic Union (LDU), Arakan National Council (ANC), Wa National Organization (WNO), Pa-Oh National Liberation Organization (PNLO), United League of Arakan/Arakan Army (ULA/AA), Restoration Council of Shan State/Shan State Army-South (RCSS/SSA).

[2] တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (Ethnic Armed Organizations)

[3] တိုင်းရင်းသားနိုင်ငံရေးပါတီများ (Ethnic Political Parties)

[4] အရပ်ဘက်လူ့အဖွဲ့စည်းများ (Civil Society Organizations)

[5] လူထုအခြေပြုအဖွဲ့အစည်းများ (Community-Based Organizations)

[6] တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ (Ethnic Nationalities Affairs Center)

[7] ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသောအလုပ်အဖွဲ့များ (Core Working Groups)

ရရှိရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC)[6] မှ စီစဉ်ဆောင်ရွက်သော မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် မူဝါဒအကြံပြုချက် (မူကြမ်း) များကို ဤစာအုပ်တွင် စုစည်းထားပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများတွင် EAOs၊ EPPs၊ CSOs၊ CBOs အဖွဲ့အစည်းများမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့်ပြည်တွင်းမှ ကျွမ်းကျင်သူများ ပါဝင်တက်ရောက် ဆွေးနွေးပြီး ရေးသားထားသော အကြံပြုချက် (မူကြမ်း) များဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့သော မူဝါဒဖော်ဆောင်သည့် အလုပ်ရုံဆွေးနွေးပွဲများမှ ယခုအချိန်ထိ မူဝါဒဆိုင်ရာ ကဏ္ဍပေါင်း (၁၁) ခုကို ဆွေးနွေး အကြံပြုထားပြီး ဖြစ်ပါသည်။

ယင်းကဲ့သို့ ဆွေးနွေးအကြံပြုပြီး ရရှိလာသော မူဝါဒအကြံပြုချက်များကို ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော Core Working Groups (CWGs)[7] (ခေါ်) အလုပ်အဖွဲ့များနှင့် သော်လည်းကောင်း၊ EAOs အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်သော်လည်းကောင်း အလုပ်ရုံဆွေးနွေးပွဲများထပ်မံကျင်းပပြီး ပြန်လည်သုံးသပ် ခဲ့ပါသည်။ ထိုသုံးသပ်ချက်များကို EAOs အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ယင်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs၊ CBOs အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ကာ ၎င်းတို့ထံမှပြင်ဆင်ချက်နှင့် အကြံပြုချက်များကို ရယူခဲ့ပါသည်။

အထက်ဖော်ပြပါ ကွင်းဆင်းပြီးရရှိလာသော ပြင်ဆင်ဖြည့်စွက်ထားသည့် မူဝါဒ (မူကြမ်း) များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများရရှိနိုင်ရန် EAOs၊ EPPs ခေါင်းဆောင်များနှင့် CWGs အဖွဲ့ဝင်များကို ဖိတ်ခေါ်ကာ ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ မူဝါဒ (မူကြမ်း) များအပေါ် ဘုံနားလည်မှုများ ရယူခဲ့ပါသည်။ ၎င်းမူဝါဒ (မူကြမ်း) များကို ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ (UNFC)[8] က အတည်ပြုပြီး အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ (မူကြမ်းများ) အဖြစ် ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ ခဲ့ပါသည်။

[8] UNFC members - Arakan National Council (ANC), Kachin Independence Organization (KIO), Karenni National Progressive Party (KNPP), Lahu Democratic Union (LDU), New Mon State Party (NMSP), Shan State Army-North (SSPP/SSA), Wa National Organization (WNO).

ပထမအကြိမ်ထုတ်ဝေလိုက်သော ကဏ္ဍ (၉) ခု ပါဝင်သည့် မူဝါဒ အကြံပြုချက် (မူကြမ်း) များကို ပြည်နယ်များနှင့်တိုင်းဒေသကြီးများရှိ တိုင်းရင်းသားပြည်သူလူထုများအကြား ဘုံနားလည်မှုရရှိရန်နှင့် ၎င်းတို့၏ အကြံပြုချက်များပါဝင်လာနိုင်ရန်အတွက် မော်လမြိုင်၊ ဘားအံ၊ ကျိုင်းတုံ၊ လားရှိုး၊ တောင်ကြီး၊ မြစ်ကြီးနား၊ စစ်တွေ၊ လွိုင်ကော်၊ ထားဝယ်၊ ဟားခါးနှင့် ကလေးမြို့များသို့ ENAC မှ သွားရောက်ပြီး ၎င်းဒေသများရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)၊ EPPs၊ CSOs၊ CBOs အဖွဲ့အစည်းများမှ တာဝန်ရှိသူကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ကာ ၎င်းတို့၏ ပြင်ဆင်ချက်နှင့် အကြံပြုချက်များကို ရယူခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းပြီးရရှိလာသော ပြင်ဆင်ချက်နှင့် အကြံပြုချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှား ဖြည့်စွက်ချက်များကို ဘုံနားလည်မှုများရရှိနိုင်ရန် EAOs၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အဖွဲ့ဝင်များနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၉-၃၁) နေ့ရက်များတွင် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ မူဝါဒ (မူကြမ်း) များ ဘုံနားလည်မှုရယူခဲ့ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ယခင်မူဝါဒ (၉) ခု အပြင် EAOs၊ UNA ခေါင်းဆောင်များ၊ CSOs၊ CBOs ခေါင်းဆောင်များ ပါဝင်တက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲများမှ ရေးသားအကြံပြုထားသည့် သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ (မူကြမ်း) နှင့် စွမ်းအင်ဆိုင်ရာ မူဝါဒများ (မူကြမ်း) ကိုပါ ဆွေးနွေးသုံးသပ်ခဲ့ပြီး အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ (မူကြမ်း) (၁၁) ခုကို ရရှိခဲ့ပါသည်။

သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ (မူကြမ်း) နှင့် စွမ်းအင်ဆိုင်ရာမူဝါဒများ (မူကြမ်း) များကို UNFC က အတည်မပြု

[9] UNA အဖွဲ့ဝင်များ -

၁။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ၂။ မွန်အမျိုးသားပါတီ (MNP)၊ ၃။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)၊ ၄။ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (ZCD)၊ ၅။ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ (SSKDP)၊ ၆။ ကယန်းအမျိုးသားပါတီ (KNP)၊ ၇။ ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC)၊ ၈။ ကရင်အမျိုးသားပါတီ (KNP)၊ ၉။ ရှမ်းနီ (တိုင်းလိုင်) နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ (SNSP)၊ ၁၀။ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (DNDP)၊ ၁၁။ ချင်းဒီမိုကရေစီအဖွဲ့ချုပ် (CLCD)၊ ၁၂။ ချင်းတိုးတက်ရေးပါတီ (CPP)၊ ၁၃။ ရခိုင်မျိုးချစ်ပါတီ (APP)၊ ၁၄။ ခူးမီး (ခမီး) အမျိုးသားပါတီ (KNP)၊ ၁၅။ မြိုအမျိုးသားဒီမိုကရေစီပါတီ (MNDP)


ရသေးပါ။ ထိုနည်းတူ EAOs အဖွဲ့အစည်းရှိရာဒေသများ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင်လည်း ကွင်းဆင်းတွေ့ဆုံဆွေးနွေးမှုများ မပြုလုပ်ရသေးပါ။ သို့သော် မူဝါဒအကြံပြုချက် (၁၁) ခုလုံးကို (UNA)[9] က မူအရ အတည်ပြုထားပြီး ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ အလုပ်ရုံဆွေးနွေးပွဲမှ မူဝါဒအကြံပြုချက်များကို ပြန်လည်သုံးသပ်ပြီး လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် စတင်အကောင်အထည်ဖော်သင့်သည့် မူဝါဒအကြံပြုချက်များ၊ ရေရှည်အကောင်အထည်ဖော်သွားမည့် မူဝါဒအကြံပြုချက်များနှင့် အကောင်အထည်ဖော်ရန် နည်းလမ်းများဆိုင်ရာ သဘောထား တို့ကို ချမှတ် နိုင်ခဲ့သည်။ ထို့အပြင် မူဝါဒများနှင့်ပတ်သက်၍ အစိုးရ ဌာနများ၊ လွှတ်တော်၊ ပြည်နယ်အစိုးရများ၊ နိုင်ငံတကာအသိုင်းအဝန်း စသည့် အဖွဲ့အစည်းများနှင့် Advocacy များ လုပ်ဆောင်သွားရန်လည်း သဘောထားချမှတ်နိုင်ခဲ့ပါသည်။


ဤမူဝါဒများသည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း အလုပ်ရုံဆွေးနွေးပွဲများ၊ ကွင်းဆင်းဆွေးနွေးပွဲများနှင့် ပြန်လည် သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ စသည့်အဆင့်ပေါင်းများစွာ ဖြတ်ကျော်ပြီး ရရှိထားသည့် မူဝါဒ (မူကြမ်း) များဖြစ်ပါသည်။ ထို့ကြောင့် ဤမူဝါဒများသည် တိုင်းရင်းသားပြည်သူလူထုများ သိရှိနားလည်စေရန် မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအကြား ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်တိုင်းတွင် အသုံးပြုသွားရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး တတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

# မူဝါဒဖော်ဆောင်ရေး လုပ်ငန်းဖြစ်စဉ်

## မူဝါဒဖော်ဆောင်ရေးဖြစ်စဉ်တွင်အဓိကပါဝင်သူများ




## မူဝါဒဖော်ဆောင်ရေးဖြစ်စဉ် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက်



## မူဝါဒဖော်ဆောင်ရေး အကြောင်းအရာခေါင်းစဉ်များ

| ENAC ၏ မူဝါဒဆိုင်ရာ အကြောင်းအရာ ခေါင်းစဉ်များ | • စိုက်ပျိုးရေး<br>• ပညာရေး<br>• ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒုက္ခသည်များ<br>• ကျန်းမာရေး<br>• လူသားချင်းစာနာထောက်ထားမှုအကူအညီ<br>• မြေယာ<br>• သဘာဝသယံဇာတ<br>• အခွန်ကောက်ခံခြင်း<br>• ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု<br>• သစ်တောနှင့်သဘာဝပတ်ဝန်းကျင်<br>• စွမ်းအင် |
|---|---|

### မူဝါဒ ဖော်ဆောင်ရေး ကနဦးဆွေးနွေးပွဲ

- EAOs၊ EPPs၊ CSOs/CBOs ၊ တိုင်းရင်းသားနှင့် ပြည်နယ်ကိုယ်စားပါဝင်သူနှင့် လူထု ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း
- မူဝါဒဖော်ဆောင်ရေးအတွက် အိုင်ဒီယာများ စုစည်းခြင်း
- ဖက်ဒရယ်ဆိုင်ရာ သင်တန်းများ

### အကြောင်းအရာ တခုချင်းအပေါ် ဆွေးနွေးခြင်း

- အလုပ်ရုံဆွေးနွေးပွဲတွင် မူဝါဒအကြောင်းအရာများကို EAOs၊ EPPs၊ CSOs/CBOs များနှင့် ဆွေးနွေးတိုင်ပင်ခြင်း
- အလုပ်ရုံဆွေးနွေးပွဲတွင် မူဝါဒအကြံပြုချက်များ ရေးဆွဲခြင်း
- EAOs ထိပ်ပိုင်း ခေါင်းဆောင်များနှင့်အတူ မူဝါဒ အကြံပြုချက်များ ပြန်လည်သုံးသပ်ခြင်း

### ကွင်းဆင်းတွေ့ဆုံ ဆွေးနွေးမှု

- EAOs အဖွဲ့ဝင်များ ခေါင်းဆောင်များနှင့် မူဝါဒ အကြံပြုချက်များကို ဆွေးနွေးတိုင်ပင်ခြင်း
- မူဝါဒများအားလုံးကို ပြန်လည်သုံးသပ်ခြင်း
- မူဝါဒ အဆင့်ဆင့် ဖြစ်ပေါ် တိုးတက်မှုအတွက် အကြံပြုချက်များ ထပ်မံစုဆောင်းခြင်း

### နောက်ဆုံး ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ

- နောက်ဆုံး ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲတွင် EAOs၊ EPPs၊ CSOs/CBOs ခေါင်းဆောင်များနှင့် အကြောင်းအရာအလိုက် အလုပ်အဖွဲ့များ ပါဝင်ဆွေးနွေးခြင်း
- မူဝါဒအကြံပြုချက်များနှင့် အခြေခံမူဆိုင်ရာ ဘုံနားလည်မှု ရရှိရန်အတွက် ရည်ရွယ်သည်။

### လူထု ပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း

- ဘုံနားလည်မှုကို ရောင်ပြန်ဟပ်သည့် မူဝါဒ စာတမ်းကို ထုတ်ဝေဖြန့်ချိခြင်း
- အဆိုပါမူဝါဒများကို စည်းရုံးလှုံ့ဆော်နိုင်ရန် မြန်မာပြည် ပြည်နယ်နှင့် ဒေသတွင်းရှိ ခေါင်းဆောင်များအတွက် ပညာပေးခြင်း အစီအစဉ်နှင့် သင်တန်းများ ပြုလုပ်သွားရန်

# ENAC ၏ ရည်မှန်းချက် - မူဝါဒဖော်ဆောင်ခြင်းမှ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေသို့

### ထုတ်ဝေဖြန့်ချိခြင်း

မူဝါဒအကြံပြုချက်များကို ENAC မှ ထုတ်ဝေဖြန့်ချိခြင်းနှင့် လူထု ပညာပေးရေးနှင့် လူထုတွေ့ဆုံမှုတွင် အသုံးပြုသွားရန်

### နိုင်ငံရေးဆွေးနွေးပွဲ

မူဝါဒအကြံပြုချက်များကို ဖက်ဒရယ် နိုင်ငံရေး ဆွေးနွေးပွဲတွင် အသုံးပြုခြင်း

### ဖွဲ့အစည်းပုံ အခြေခံဥပဒေ

ဆွေးနွေးပွဲမှ ရရှိလာသော မူဝါဒ အကြံပြုချက်များကို ဖက်ဒရယ် ဖွဲ့စည်းပုံအသစ် ရေးဆွဲရန် လမ်းညွှန်ချက်များအဖြစ် အသုံးပြုခြင်း

# ၇။ ကျန်းမာရေး မူဝါဒများ (မူကြမ်း)






## နောက်ခံသမိုင်း

ဤကျန်းမာရေးမူဝါဒများ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄-၂၅ ရက်နေ့များ၌ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသည့် ပညာရေးနှင့်ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှကိုယ်စားလှယ်များ နှီးနှောတိုင်ပင်ဆွေးနွေးပြီး ရရှိလာသော မူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် (EAOs) ခေါင်းဆောင်များနှင့်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပြီး ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CSOs နှင့် CBOs မှ ကိုယ်စားလှယ်များနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ထိုသို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်ပြီး ရရှိလာသောမူဝါဒ (မူကြမ်း) ကို တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသအတွင်းရှိ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။

ထို့သို့ ကွင်းဆင်းမှုပြုလုပ်ပြီးရရှိလာသော ပြင်ဆင်ချက်များကို ENAC မှစုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs အလုပ်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသောမူဝါဒကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့်တိုင်းများရှိ NLD၊ USDP ပါတီခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CBOs၊ CSOs ကိုယ်စားလှယ်များနှင့် နှီးနှောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို စုစည်း၍ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမားဖြည့်စွက်ချက်များ အတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

# နိဒါန်း

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ[1] အပေါ် အခြေခံပြီး ရေးဆွဲထားသော မြန်မာနိုင်ငံ၏ လက်ရှိကျန်းမာရေးမူဝါဒကိုသုံးသပ်ရာတွင် ဗဟိုချုပ်ကိုင်မှုတင်းကြပ်သော မူဝါဒဖြစ်နေပါသည်။ လက်ရှိအခြေအနေတွင် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်နည်းပါးခြင်း၊ ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံများ[2] လုံလောက်မှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျွမ်းကျင်ဝန်ထမ်းအင်အားနှင့်ဆေးဝါးအရင်းအမြစ် မလုံလောက်ခြင်း၊ ပြည်သူ့ကျန်းမာရေးကို စနစ်တကျအကောင်အထည်ဖော်မှု အားနည်းခြင်း၊ အခြေခံကျန်းမာရေးအဆောက်အအုံတည်ဆောက်ရာတွင် လူထုနှင့်ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်း၊ ဝေးလံခေါင်းပါးသောဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ ပိုမိုလျစ်လျူရှုမှုခံနေရခြင်းတို့ ရှိနေပါသည်။

နိုင်ငံတကာ ဆေးဝါးပစ္စည်းနှင့်ကျန်းမာရေးအကူအညီများကို ဗဟိုမှထိန်းချုပ်ထားခြင်းနှင့် အဆင့်ဆင့်အကျင့်ပျက်ခြစားမှုများကြောင့် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် တိုင်းရင်းသားဒေသများတွင် ကျန်းမာရေးကဏ္ဍ ပိုမိုလျစ်လျူရှုခံရပြီး ကျန်းမာရေးဝန်ဆောင်မှုများ ဆိုးရွားစွာ နိမ့်ကျလျက်ရှိနေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်လာနေသည့်အချိန်ကာလတွင် (EAOs) ၏ နယ်မြေများအတွင်းရှိ လူထုများကို ထောက်ပံ့နေသည့်နယ်စပ်ဖြတ်ကျော် ကျန်းမာရေးအကူအညီများကိုလည်း အစိုးရမှ ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်လာခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုကိုအကြောင်းပြ၍နယ်မြေစိုးမိုးမှုကိုဆောင်ရွက်နေခြင်းတို့ ပြုလုပ်လာပါသည်။ အထူးသဖြင့်တပ်မတော်သည် ပြည်သူ့ကျန်းမာရေးယန္တရားကိုပါ တစ်စထက်တစ်စ လွှမ်းမိုးချုပ်ကိုင်လာသည်ကို တွေ့မြင်နေရသည်။ တချိန်တည်းတွင် ပုဂ္ဂလိကဆေးရုံနှင့်ဆေးခန်း များပြားလာသည်နှင့် အမျှ ၎င်းတို့နှင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးဝန်ဆောင်မှုကို ချိတ်ဆက်သည့်မူဝါဒများလည်း တိတိပပမတွေ့ရပေ။

ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးတိုးတက်မှုအညွှန်းကိန်း (Health Indicator) လွန်စွာနိမ့်ကျနေမှုကြောင့် နိုင်ငံသားအားလုံး ကျန်းမားရေးဝန်ဆောင်မှုများ သာတူညီမျှ ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ကျန်းမာရေးဆိုင်ရာမူဝါဒ အပါအဝင် ယန္တရားတစ်ခုလုံးကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ကျန်းမာရေးစနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်နေပေသည်။

---

[1] ပုဒ်မ (၂၈-က) နိုင်ငံတော်သည် -

(က) ပြည်သူများ၏ပညာရေး၊ ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်၊

(ခ) ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်နိုင်အောင် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်။

ပုဒ်မ (၃၆၇) နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးမူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကိုခံယူခွင့်ရှိသည်။

[2] ဥပမာ - ဆေးရုံ/ဆေးခန်းများ။

## ဦးတည်ချက်

ကျန်းမာရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်၍ အစိုးရ၊ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများ (EHOs)၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ အားလုံးပါဝင်ရေးဆွဲသည့်မူဝါဒများမှတစ်ဆင့် ဖြစ်ထွန်းလာမည့် အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို နိုင်ငံသားတိုင်း တန်းတူခံစားခွင့်ရှိသည့် ပြည်သူ့ကျန်းမာရေးစနစ်တစ်ခု ပေါ်ထွန်းလာရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ တစ်မျိုးသားလုံးနှင့်ဆိုင်သော ကျန်းမာရေးမူဝါဒနှင့်စနစ်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းမှုစနစ်နှင့်အညီ ပြည်နယ်များတွင်လည်း ကျန်းမာရေးဆိုင်ရာမူဝါဒများကို ဆောင်ရွက်ပိုင်ခွင့် ရှိရမည်။

၂။ အလုံးစုံလွှမ်းခြုံကျန်းမာရေးစောင့်ရှောက်မှု[3] (Universal Health Coverage) သည် ကျန်းမာရေးစနစ်၏အဓိကမူဖြစ်ပြီး နိုင်ငံသားတိုင်းကိုအခြေခံလူ့အခွင့်အရေး အာမခံချက်ပေးသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုအပေါ် အခြေခံရမည့်အပြင် တန်းတူညီမျှမှု (Equality) နှင့်သာတူညီမျှမှု (Equity) ရှိရမည်။

## မူဝါဒ အကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ ကြားကာလ[4] ၌ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ စီမံခန့်ခွဲသော ဒေသများတွင် အလုံးစုံလွှမ်းခြုံကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) ၏ ကျန်းမာရေးဆိုင်ရာ ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများက ကျန်းမာရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်ခွင့် ရှိရမည်။

---

[3] ကမ္ဘာ့ကုလသမဂ္ဂ (United Nations) ၏ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) မှ အလုံးစုံသော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါ သည်။

*"လူသားအားလုံးသည် ကျန်းမာရေးနှင့်ပတ်သက်၍ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ နာကျင်မှုမရှိသည့် ကျန်းမာရေးကုသမှုနှင့် စောင့်ရှောက်မှု စသည့်ကျန်းမာရေးဝန်ဆောင်မှုများကို ငွေကြေးအခက် အခဲမဖြစ်စေဘဲ ရရှိနိုင်ရမည်။ ထိုသို့ရရှိနိုင်ရန် လူသားအားလုံးအတွက်ကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးလုပ်သားများ၊ ဆေးဝါးနှင့်နည်းပညာများ၊ ကျန်းမာရေးအတွက် ငွေကြေးအခက်အခဲရှိသူများနှင့် ဆင်းရဲသည့်လူတန်းစားအတွက် ငွေကြေးစနစ် စသည်တို့ပါဝင်သော ထိရောက်သည့် ကျန်းမာရေးစနစ် လိုအပ်သည်။"*

[4] ကြားကာလဆိုသည်မှာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို ချုပ်ဆိုသည့်အချိန်မှစ၍ ပြည်ထောင်စုငြိမ်းချမ်းရေး စာချုပ် (National Peace Accord) အားချုပ်ဆိုသည့် အချိန်ကာလအထိကို ဆိုလိုသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ကျန်းမာရေးအဖွဲ့အစည်းများသည် လက်ရှိကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်နှင့် စီမံကိန်းအသစ်များကို ဆောင်ရွက်ခွင့်ရှိရမည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ထူထောင်ထားသော ကျန်းမာရေးစီမံအုပ်ချုပ်မှုစနစ်ကို အသိအမှတ်ပြုရမည်။

၄။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ကျန်းမာရေးအဖွဲ့အစည်းများတွင် တာဝန် ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအား အသိအမှတ်ပြုရမည်။

၅။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ဒေသအတွင်းကျန်းမာရေးအစီအစဉ်များဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ကျန်းမာရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ခွင့်ပြုချက်ရပြီးမှသာ ဆောင်ရွက်ရမည်။

၆။ ကျန်းမာရေးနှင့် ဆက်နွှယ်ပတ်သက်သော လူသားချင်းစာနာမှု အကူအညီများနှင့် ဖွံ့ဖြိုးရေးအကူအညီများသည် ဒေသအတွင်းရှိ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ တည်ဆောက်ထားပြီးသော ကျန်းမာရေးစနစ်နှင့် ကိုက်ညီရမည်။

## (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ အမျိုးသားကျန်းမာရေး မူဝါဒပြုပြင်ရေးဆွဲရာအဆင့်တိုင်းတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်း CSOs များ ပါဝင်ရမည်။

၂။ ကူးစက်ရောဂါနှင့်ဆိုင်သော ကျန်းမာရေးမူဝါဒများကို နိုင်ငံတော်လုံခြုံရေးမူဝါဒ မူဘောင်များတွင် ထည့်သွင်းရမည်။

၃။ အစိုးရသည် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးခြင်း၊ စိစစ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ရမည်။

၄။ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ရမည်။

၅။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအစိုးရမှ တိုင်းရင်းသားဒေသအလိုက် လိုအပ်သည့် အမျိုးသားကျန်းမာရေးဝန်ဆောင်မှု အသုံးစရိတ်များကို သာတူညီမျှစွာ (equity) ခွဲဝေပေးရမည်။

၆။ ကျန်းမာရေးကဏ္ဍတွင် ပြည်နယ်အစိုးရမှ အုပ်ချုပ်စီမံခန့်ခွဲခွင့်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခွင့်နှင့် ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ခွင့်ရှိရမည်။

၇။ မြန်မာနိုင်ငံတွင် မည်သည့်ဒီမိုကရေစီစနစ်ကျင့်သုံးသည်ဖြစ်စေ ပြည်နယ်နှင့်တိုင်းများတွင် ဗဟိုချုပ်ကိုင်မှုမရှိဘဲ ဒေသနှင့်ကိုက်ညီသည့် မိရိုးဖလာကျန်းမာရေးစနစ်ကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိရမည်။

၈။ ပြည်နယ်များတွင် ကျန်းမာရေးသင်တန်းခေါ်ယူရာတွင်လည်းကောင်း၊ ဝန်ထမ်းများခန့်အပ်ရာတွင်လည်းကောင်း၊ ဒေသခံဘာသာစကားကျွမ်းကျင်သော ဒေသခံများအား ဦးစားပေးရမည်။

၉။ ကျန်းမာရေးဝန်ဆောင်မှုများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးကို မပြတ်မနေ ဆောင်ရွက်ရမည်။

၁၀။ ကျန်းမာရေးအစီအစဉ်များရေးဆွဲရာတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၁။ ပြည်သူ့ကျန်းမာရေး အစီအစဉ်များချမှတ်ရာတွင် ဝေးလံခေါင်းပါးသည့်ဒေသများ၊ နယ်စပ်ဒေသရှိ ပြည်သူလူထုများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းစဉ်များကို အထူးဦးစားပေးအစီအစဉ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၁၂။ ပြည်သူ့ကျန်းမာရေးကို အထောက်အကူပြုသော တိုင်းရင်းဆေးပညာရပ်များကို သုတေသနပြု ပြန်လည်ဖော်ထုတ်ပြီး ရေရှည်အကျိုးဖြစ်ထွန်းရေးနှင့် နိုင်ငံတကာအဆင့်မီတိုးတက်မြင့်မားလာစေရေးအတွက် အားပေးလုပ်ဆောင်ရမည်။

၁၃။ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် (၅) နှစ်အောက်ကလေးများ၊ မိဘမဲ့ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ဆင်းရဲချို့တဲ့သောသူများအတွက် ကျန်းမာရေးကူညီထောက်ပံ့မှုများနှင့် အခမဲ့ဆေးဝါးကုသနိုင်ခွင့်ကို သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရများမှ မပြတ်မနေ စီစဉ်ဆောင်ရွက်သွားရမည်။

၁၄။ မျိုးဆက်ပွားကျန်းမာရေး[5] နှင့် (၅) နှစ်အောက်ကလေးသူငယ်များအတွက် အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို အခမဲ့ရရှိရမည်။

၁၅။ မူးယစ်ဆေးဝါးသုံးစွဲသူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ပြုစုပျိုးထောင်ပေးမှုများ ဦးစားပေးလုပ်ဆောင်သွားရမည်။

၁၆။ ဆေးဝါး၊ အစားအစာနှင့် အဟာရအရည်အသွေးထိန်းချုပ်ရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော စံနှုန်းနှင့်အညီ ကျန်းမာရေးအဖွဲ့အစည်းများက ထိရောက်စွာ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၁၇။ ကျန်းမာရေးဆိုင်ရာအာမခံစနစ် (Health Insurance) များကို မပြတ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

[5] မျိုးဆက်ပွားကျန်းမာရေးတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ သန္ဓေတားခြင်းဆိုင်ရာကျန်းမာရေးလုပ်ငန်းများ ပါဝင်ပြီး ဖြစ်သည်။

# ၂။ ပညာရေး မူဝါဒများ (မူကြမ်း)






## နောက်ခံသမိုင်း

ဤပညာရေးမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄-၂၅ ရက်နေ့များ၌ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသည့် ပညာရေးနှင့်ကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှကိုယ်စားလှယ်များ တိုင်ပင်ဆွေးနွေးပြီး ရရှိလာသောမူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် EAOs အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CSOs၊ CBOs မှ ကိုယ်စားလှယ်များ ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ယင်းကဲ့သို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသောမူကြမ်းကို EAOs အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာ ဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထို့သို့ ကွင်းဆင်းမှုပြုလုပ်ပြီး ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်တွင် EAOs ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော (CWGs) (ခေါ်) အလုပ်အဖွဲ့များမှအဖွဲ့ဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော ပညာရေးမူဝါဒများ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့် တိုင်းများရှိ NLD နှင့် USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် နှီးနှောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်းတွင် ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့်တိုင်းများမှ ရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကိုစုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များဖြစ်ပါသည်။

## နိဒါန်း

ပညာရေးမူဝါဒချမှတ်နိုင်ရန် မြန်မာနိုင်ငံ၏ပညာရေးအခြေအနေကို သုံးသပ်ရာတွင် ဗဟိုအစိုးရအဆက်ဆက်သည် ပညာရေးမူဝါဒရေးဆွဲရေး သီးသန့်ဥပဒေပြုအာဏာရှိနေပြီး ဗဟိုမှငွေကြေးထောက်ပံ့သည့် ဘဏ္ဍာရေးအာဏာသည် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုဝန်ကြီး၏ လက်ထဲတွင်သာရှိသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရသည် ညှိနှိုင်းဆောင်ရွက်ခြင်း အခန်းကဏ္ဍတွင်သာ လုပ်ပိုင်ခွင့်ရှိပြီး၊ ပညာရေးဆိုင်ရာ အဆောက်အအုံ[6] နှင့် ယန္တရားများကို ပညာရေးဝန်ကြီးဌာနမှ တိုက်ရိုက်စီမံခန့်ခွဲသည့်အတွက် ဖယ်ဒရယ်ဒီမိုကရေစီ ပညာရေးစံနှုန်းနှင့် မကိုက်ညီပါ။

ထို့ကြောင့် တိုင်းရင်းသားဒေသများအတွင်း အခြေခံပညာရေးအဆောက်အအုံ မလုံလောက်ခြင်း၊ ကျောင်းအင်္ဂါရပ် မပြည့်မီခြင်း၊ ပညာသင်စရိတ်ကြီးမားခြင်း၊ ကျောင်းဆရာ၊ ဆရာမများ မလုံလောက်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခ (သို့မဟုတ်) အခြားပဋိပက္ခများ ဖြစ်ပွားရာဒေသများတွင် စာသင်ကျောင်းများ မရှိတော့ခြင်း၊ နည်းသွားခြင်း၊ ကျောင်းဖွင့်လှစ်ရန် ခက်ခဲခြင်း၊ ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ခွင့် ဆုံးရှုံးမှုများပြားခြင်း၊ တိုင်းရင်းသားဒေသရှိ ကျောင်းများတွင် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုဘာသာစကား အခက်အခဲများရှိခြင်း၊ ပညာရေးတွင် တိုင်းရင်းသားများနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတကာကူညီထောက်ပံ့သည့် ပညာရေးအသုံးစရိတ်များကို အသုံးချပြီး စာသင်ကျောင်းများတွင် ဘာသာရေးစည်းရုံးသိမ်းသွင်းမှုများ၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေများကို ဝါးမျိုခြင်းများ လုပ်ဆောင်နေကြသည်ကို အထင်အရှား တွေ့ရှိရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်လာသည့် အချိန်ကာလများမှစ၍ EAOs နယ်မြေများရှိ တိုင်းရင်းသားကျောင်းများတွင် နယ်စပ်ဖြတ်ကျော်အကူအညီများ တဖြေးဖြေးလျော့ကျလာပြီး လုံလောက်မှုများ မရှိတော့ပေ။ ထို့ကြောင့် အသွင်ကူးပြောင်းရေးကြားကာလနှင့် အနာဂတ်တွင် ကျောင်းသူကျောင်းသားများအတွက် ကောင်းမွန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အခြေခံသည့် ပညာရေးစနစ်တစ်ခု ပေါ်ထွန်းလာနိုင်စေရန် လိုအပ်ပေသည်။

## ဦးတည်ချက်

ပညာရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သောကြောင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် နောက်ခံသမိုင်းတို့ကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် အမျိုးသားလူမှုဘဝ မြင့်မားတိုးတက်ရန်၊ လွတ်လပ်စွာ ကိုယ်ပိုင်တွေးခေါ်မျှော်မြင်မှုများ ရှင်သန်ရပ်တည်ရေးကို အာမခံပေးပြီး နိုင်ငံတကာ ပညာရေးနှင့် ရင်ဘောင်တန်းနိုင်မည့် အမျိုးသားပညာရေးစနစ်တစ်ရပ်ကို ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုစနစ်နှင့်အညီ ဖော်ဆောင်ရန်။

[6] တက္ကသိုလ်၊ ကောလိပ် နှင့် အခြေခံပညာရေးကျောင်းများ။

## အခြေခံလမ်းညွှန်မှုများ

၁။ လူ့အခွင့်အရေးကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ် ဖြစ်ရမည်။

၂။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများနှင့်ပုဂ္ဂလိကကျောင်းများ တရားဝင် ရပ်တည်ခွင့်ရှိရမည်။

၃။ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို မပျက်မယွင်းအောင်ထိန်းသိမ်းစောင့်ရှောက်သည့်အပြင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ရမည်။

၄။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်တံ့ခိုင်မြဲရေးကို ဖော်ဆောင်သော ပညာရေး စနစ် ဖြစ်ရမည်။

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ ကြားကာလတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ပညာရေးအဖွဲ့အစည်းများက အကောင်အထည်ဖော်လျက်ရှိသော ပညာရေးစနစ်နှင့်ပညာရေးဝန်ထမ်းများအား တရားဝင်အသိအမှတ်ပြု၍ ပညာရေးရံပုံငွေချပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်။

၂။ ကြားကာလတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ပညာရေးအဖွဲ့အစည်းများမှ ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းသည် ပြည်နယ်၊ ဒေသအစိုးရ၏ ဖက်ဒရယ်ဒီမိုကရေစီအမျိုးသားပညာရေး သင်ရိုးစံနှုန်းနှင့်ချိတ်ဆက်ထားရမည်။

၃။ ကြားကာလတွင် တိုင်းရင်းသားဒေသများအတွင်း နိုင်ငံတကာပညာရေးဆိုင်ရာ အကူအညီကိစ္စများ ကူညီထောက်ပံ့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၄။ ကြားကာလတွင် နိုင်ငံမဲ့ဖြစ်နေသော ကလေးသူငယ်မြန်မာနိုင်ငံသားများအား ပညာရေးသင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပညာရေးစနစ်တွင် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်များမှ ပညာရေးကဏ္ဍ၌ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခွင့်များ ရှိရမည်။

၂။ ပြည်နယ်များတွင် ပြည်နယ်သူ/သားများကို ကိုယ်စားပြုသည့်ပညာရေးဘုတ်အဖွဲ့အစည်းက ၎င်းပြည်နယ်၏ ပညာရေးကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပညာ

ရေးစံနှုန်းများနှင့်အညီ လွတ်လပ်စွာပြဋ္ဌာန်းခွင့် အကောင်အထည်ဖော်ခွင့် ရှိရမည်။

၃။ ပညာရေးဆိုင်ရာအခွင့်အာဏာကို သက်ဆိုင်ရာပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့် ရှိရမည်။

၄။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၊ အရည်အသွေးစစ်စာမေးပွဲများ ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစံနှုန်းနှင့်အညီ ပြည်နယ်တိုင်းရှိ ဆိုင်ရာပညာရေးအင်စတီကျူးရှင်းများ နှင့် ပုဂ္ဂလိကကျောင်းများအတွက် လုပ်ပိုင်ခွင့်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းရမည်။

၅။ တိုင်းရင်းသားဘာသာစကားများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ခြင်းကို ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာအစိုးရ၊ ၎င်းပြည်နယ်တွင်းရှိ ဆိုင်ရာတိုင်းရင်းသားပညာရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းတို့မှ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်ဖြစ်ပြီး လိုအပ်ချက်များကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ ကူညီထောက်ပံ့မှုများ ပြုရမည်။

၆။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို မိမိတို့၏အမျိုးသားပြည်နယ်များတွင်သာမက သက်ဆိုင်ရာ တိုင်းရင်းသားများနေထိုင်သော အခြားဒေသများတွင်လည်း လွတ်လပ်စွာ ဖွင့်လှစ်ခွင့်ရှိရမည်။

၇။ ပြည်နယ်တစ်ခုနှင့် တစ်ခုအကြား ကျောင်းပြောင်းသင်ကြားနိုင်ရေးအတွက် ပြည်နယ်များ ပူးပေါင်းညှိနှိုင်းပြီး စံနှုန်းတူပညာရေးစနစ်ကို အသိအမှတ်ပြုကျင့်သုံးရမည်။

၈။ တိုင်းရင်းသားစာပေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်နည်အစိုးရရုံးများတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာကို ပူးတွဲရုံးသုံးစာအဖြစ် ထားရှိရမည်။

၉။ မိခင်ဘာသာစကားအခြေပြုနှင့် ဘာသာစကားစုံပညာရေး (Mother Tongue-Based Multilingual Education) စနစ်ကို မူလတန်းအဆင့်မှစတင်၍ အဆင့်ဆင့်တိုးချဲ့ပြီး အဆင့်မြင့်ဒီဂရီ (Advanced Degree) များ သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရမှ ပြဋ္ဌာန်းပေးပိုင်ခွင့် ရှိရမည်။

၁၀။ တက္ကသိုလ်များနှင့် ကောလိပ်များတွင် တိုင်းရင်းသားဘာသာစာပေနှင့် တိုင်းရင်းသား လေ့လာရေး (Ethnic Social Study) တို့ကို အထူးပြုသင်ယူနိုင်သောဌာနများ ထားရှိရမည်။

၁၁။ ကျောင်းပညာရေးစနစ်အပြင် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) များကို တိုင်းရင်းသားဒေသအလုပ်အကိုင်များနှင့်ဆက်စပ်၍ အခြားဘာသာရပ်များနည်းတူ အဆင့်မြင့်ပညာ (Higher Education) ထိ သင်ကြားပေးနိုင်သည့် ပညာသင်ဌာနများ ဖွင့်လှစ်ထားရှိရမည်။

၁၂။ မူကြိုပညာရေးစနစ်ကို အခြေခံပညာရေးနည်းတူ မသင်မနေရ အခမဲ့ပညာရေးစနစ်အဖြစ် ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိရမည်။

၁၃။ အခြေခံပညာရေး (Junior Secondary) ကို မူလတန်းမှ အထက်တန်းအောက် အဆင့်[7] အထိ အခမဲ့မသင်မနေရ (Free and Compulsory) ပညာရေးစနစ်နှင့် အထက်တန်းအထက်အဆင့်[8] (Senior Secondary) ကို အခမဲ့ပညာရေးစနစ် ဖြစ်ရမည်။

၁၄။ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ပညာရေးလက်လှမ်းမမီသူများ၊ သင်ယူမှု အခက်အခဲ (Learning Disability) ရှိသူများအတွက် လူတိုင်းအကျုံးဝင် (Inclusive) ပညာရေးမူဝါဒများကို ချမှတ်ကျင့်သုံးရမည်။

၁၅။ အသက်အရွယ်ကန့်သတ်ထားခြင်းမရှိပဲ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးမှုများ ပြုလုပ်နိုင်သည့် ဘဝတစ်သက်တာ စဉ်ဆက်မပြတ်လေ့လာနိုင်ခြင်း (Lifelong Learning) ပညာရေးစနစ်ကို ထားရှိရမည်။

၁၆။ နိုင်ငံသားတိုင်း ကျောင်းပြင်ပ ပညာရေး (Non-formal Education) နှင့် ကျောင်းတွင်းပညာရေး (Formal Education) အကြား တရားဝင်ကူးပြောင်း ပညာသင်ခွင့်ရရှိနိုင်ရေးအတွက် ဥပဒေပြဌာန်းပေးရမည်။

၁၇။ ကာယ/ဉာဏလုပ်သားများအတွက် ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများကို လုပ်သားကောလိပ်များ (Community/Labor College) ဖွင့်လှစ်ပေးရမည်။

၁၈။ ဝေးလံဒေသများနှင့် အထူးလိုအပ်ချက်ရှိသောဒေသများရှိ ပညာရေးနယ်ပယ်များတွင် အထူးစီမံချက်များ လုပ်ဆောင်ပေး၍ ပညာရေးရံပုံငွေများ ပိုမိုတိုးမြှင့်ပေးရမည်။

၁၉။ အစာအာဟာရ ကျွေးမွေးရေးအစီအစဉ်များအပါအဝင် ကျောင်းကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် ကျောင်းအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ်ကျန်းမာရေးဌာနများနှင့် ပြည်ထောင်စုကျန်းမာရေးဌာနများ ညှိနှိုင်းဖော်ဆောင်ရမည်။

၂၀။ ပညာရေးနယ်ပယ်တွင် မူးယစ်ဆေးဝါးများ၊ အဂတိလိုက်စားမှုနှင့် ခွဲခြားဆက်ဆံမှုများ ကင်းရှင်းရေးအတွက် အထူးမူဝါဒများချမှတ်ရမည့်အပြင် ပညာရေးဝန်ထမ်းများ၊ ကျောင်းသူ/သားများ၏ လုံခြုံရေးဆိုင်ရာမူဝါဒများကို ရေးဆွဲရမည်။

၂၁။ သင်ရိုးညွှန်းတမ်းများပြုစုရာတွင် ဖက်ဒရယ်ဒီမိုကရေစီ အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံနှုန်းအညွှန်းဘောင်နှင့်ချိတ်ဆက်ပြီး ဆိုင်ရာပြည်နယ်အစိုးရနှင့် ပညာရေးဘုတ်အဖွဲ့တို့ ပူးပေါင်းရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့်ငွေကြေးနှင့်နည်းပညာများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ ကူညီပံ့ပိုးရမည်။

၂၂။ သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ သမိုင်း၊ စာပေယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းအပါအဝင် အခြေခံကျန်းမာရေး၊ အားကစား၊ ကာယပညာ၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ အနုရသပညာ၊ ပြည်သူ့နီတိ၊ နိုင်ငံရေးသိပ္ပံ၊ လူ့အခွင့်အရေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်၊ ငြိမ်းချမ်းရေးနှင့်

[7] အထက်တန်းအောက်အဆင့်တွင် တက္ကသိုလ်ဝင်တန်းမတိုင်မီအတန်းအောက်အဆင့်နှင့် အခြေခံမူလတန်းများအကြားတွင်ရှိသည့် အတန်းများပါဝင်သည်။

[8] အထက်တန်းအထက်အဆင့်တွင် တက္ကသိုလ်ဝင်တန်းမတိုင်မီအတန်းများနှင့် တက္ကသိုလ်ဝင်တန်းအတန်းပါဝင်သည်။

ပတ်သက်သည့် အသိပညာဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးရမည်။

၂၃။ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မည့်အသိပညာများကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးရမည်။

၂၄။ ရှေးဦးသင် (မူကြို) ပညာရေး၊ အခြေခံကျောင်းပညာရေးနှင့် အဆင့်မြင့်ပညာရေး စနစ်သည် ကျောင်းသူ/သားများကို ဗဟိုပြု၍ လွတ်လပ်သော ပညာရေးဆိုင်ရာ သုတေသနပြုမှုများကို အားပေးမြှင့်တင်ရမည်။

၂၅။ စဉ်ဆက်မပြတ် ဘက်စုံစစ်ဆေးအကဲဖြတ်ခြင်း (Continuous and Comprehensive Assessment)၊ ကလေးဗဟိုပြုစစ်ဆေးအကဲဖြတ်ခြင်း (Student-centred Assessment)၊ သင်ယူမှုကိုမြှင့်တင်သော စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment) များကို ကျင့်သုံးရမည်။

၂၆။ သင်ယူမှုကို ထိရောက်စေရန် ကျောင်းသားနှင့်ဆရာအချိုးကို ကျောင်းသား-၂၅း ဆရာ-၁ ဖြင့်ထားရှိမည်။

၂၇။ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများကို ပညာရေးအဆင့်တိုင်း[9] တွင် ထားရှိရမည်။

၂၈။ ပညာရေးဝန်ထမ်းများခန့်အပ်ရာတွင် အရည်အချင်းပြည့်မီသည့် ဒေသခံတိုင်းရင်းသားများအား ဦးစားပေး ခန့်အပ်ရမည်။

၂၉။ ဆရာ/ဆရာမများ၏ဂုဏ်သိက္ခာနှင့်အညီ ဘဝရပ်တည်မှုနှင့် စွမ်းရည်မြှင့်တင်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရမည်။ အထူးလိုအပ်ချက်ရှိနေသော ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများကို အထူးအကျိုးခံစားခွင့်ရှိစေရမည်။

၃၀။ ကျောင်းသား/သူများ၊ ဆရာ/မများသည် အသင်းအဖွဲ့များ၊ သမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုပေးရမည်။

၃၁။ ပညာရေးဝန်ကြီးဌာနသည် သီးခြားဆောင်ရွက်နိုင်သောဌာန ဖြစ်ရမည်။

၃၂။ ဘာသာရေးအရ လွှမ်းမိုးမှု၊ ချုပ်ချယ်မှု မရှိစေရ၊

၃၃။ အမှတ်အပေါ်မဟုတ်ဘဲ မိမိကြိုက်နှစ်သက်သော ဘာသာရပ်ကို ရွေးချယ်သင်ယူခွင့် ရှိရမည်။

၃၄။ အထက်တန်းနှင့် တက္ကသိုလ်တွင် တိုင်းရင်းသားတစ်ဘာသာ ကျင့်သုံးရန်နှင့် ကျောင်းသား များ (optional/ elective subjects) အဖြစ် အခြားဘာသာရပ်ကို လည်း ရွေးချယ်သင်ကြားနိုင်သည်။

[9] အခြေခံပညာ၊ အသက်မွေး ဝမ်းကြောင်းပညာနှင့် အဆင့်မြင့်ပညာများပါဝင်သည်။

# ၃။ မြေယာ မူဝါဒများ (မူကြမ်း)





## နောက်ခံသမိုင်း

ဤမြေယာမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅-၂၇ ရက်နေ့များ၌ ENAC မှ စီစဉ်ကျင်းပသည့် စီးပွားရေးဆိုင်ရာမူဝါဒများအပိုင်း (၁) မြေယာနှင့် သဘာဝ သယံဇာတမူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှ ခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှ ကိုယ်စားလှယ်များ တိုင်ပင်ဆွေးနွေးပြီး ရရှိလာသော မူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် EAOs အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CSOs၊ CBOs ကိုယ်စားလှယ်များမှ ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ထိုသို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်ပြီး ရရှိလာသော မူကြမ်းကို EAOs အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှသွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ ဒေသအတွင်းရှိ CSOs၊ CBOs ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ် ပြင်ဆင်ဖြည့်စွက်ခြင်းများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ကွင်းဆင်းမှုပြုလုပ်ပြီးရရှိလာသော ပြင်ဆင်ဖြည့်စွက်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များကို ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသောမြေယာမူဝါဒ (မူကြမ်း) များ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့်တိုင်းများရှိ NLD နှင့် USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် နှီးနှောဆွေးနွေးသုံးသပ် ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့်တိုင်းများမှရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသောမူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

မြေယာမူဝါဒချမှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏မြေယာအခြေအနေကို သုံးသပ်ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁) နိုင်ငံတော်၏ အခြေခံမူခေါင်းစဉ်အောက်ရှိ အပိုဒ် - ၃၇ (က)[10] တွင်ဖော်ပြထားသော မြေယာနှင့်ပတ်သက်သောလမ်းညွှန်မှု၊ ၂၀၁၂ လယ်ယာဥပဒေ (မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေ) နှင့် ၂၀၁၄ အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း) တို့သည် စီးပွားရေးပိုင်ရှင်များ၊ မြန်မာအစိုးရတပ်မတော် အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြီးစားမြေယာပိုင်ဆိုင်နိုင်ရေးအတွက်သာ အကျိုးဖြစ်စေပါသည်။ လက်ရှိမြေယာမူဝါဒများသည် မြေယာပြဿနာနှင့် မြေယာအငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်သည့်ယန္တရားများ မရှိပါ။ ငြိမ်းချမ်းရေးဖြစ်စဉ် မတိုင်မီနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကာလများအတွင်း နိုင်ငံအနှံ့တွင် ပြည်သူတို့၏လယ်ယာမြေများကို မတရားသိမ်းယူခဲ့မှုနှင့် ဆုံးရှုံးခဲ့ကြသောလယ်ယာမြေများအတွက် လျော်ကြေးငွေပေးခြင်းလည်း မရှိပေ။ ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထုအကျိုးကို ဖြစ်ထွန်းစေမည့် နိုင်ငံတကာစံချိန်စံညွှန်းများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်နှင့် ကိုက်ညီသည့် မြေယာမူဝါဒများကို ချမှတ်ပြဋ္ဌာန်းကျင့်သုံးသွားရန် လိုအပ်သည်။

## ဦးတည်ချက်

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရာတွင် တရားမျှတမှုကင်းမဲ့ပြီး ခေတ်နှင့်လျော်ညီမှုမရှိသော လယ်ယာမြေဥပဒေအားလုံးကို ဖျက်သိမ်း၍ ကျား-မတန်းတူရေးအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးအတွက် ရေရှည်အကျိုးဖြစ်ထွန်းမည့် တရားမျှတမှုရှိသော မြေယာပိုင်ဆိုင်မှု၊ မြေယာစီမံခန့်ခွဲမှု အသုံးချမှုရှိသည့် မြေယာမူဝါဒများ ဖြစ်ပေါ်လာရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ မြေယာနှင့်ပတ်သက်သောမူဝါဒများ၊ ဥပဒေများရေးဆွဲရာတွင် ဒေသခံဌာနေတိုင်းရင်းသား ရိုးရာဓလေ့ထုံးတမ်းများကို အခြေခံပြီး ဖက်ဒရယ်ကျင့်သုံးသောနိုင်ငံများ၏ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ရေးဆွဲရမည်။

၂။ လက်ရှိမြေယာပြဿနာဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို အထောက်အကူပြုစေနိုင်သောမြေယာမူဝါဒကို ရေးဆွဲရာတွင်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံကို အခြေခံ၍ရေးဆွဲရမည်။

[10] နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သံယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

၃။ ဂေဟာစနစ်ကို မပျက်စီးစေဘဲ တောင်သူလယ်သမားများသည် ကိုယ်ပိုင်ဆိုင်သည့် လယ်ယာမြေ (သို့မဟုတ်) ဥယျာဉ်ခြံမြေများ၊ တောင်ယာမြေများပေါ်တွင် (ဓလေ့ထုံး တမ်းနှင့်အညီ) အစားအစာဖူလုံမှု (Food Security) ရှိရန် လွတ်လပ်စွာ သီးနှံစိုက်ပျိုး ခွင့်ရှိသည့်မူကို အခြေခံရမည်။

၄။ တိုင်းရင်းသားပြည်သူလူထုတွင် လွတ်လပ်၍ စည်းစနစ်ကျသော မြေယာစီမံခန့်ခွဲ ပိုင်ခွင့်ရှိသည့်မူကို အခြေခံရမည်။

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာမူဝါဒအကြံပြုချက်များ

၁။ မြေယာမူဝါဒကိုရေးဆွဲရာတွင် ကြားကာလဆိုင်ရာ အခြေခံမူများကို ထည့်သွင်း ရေးဆွဲရမည်။

၂။ ကြားကာလအတွင်း ပြည်နယ်များတွင် ဒေသခံလူထုနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေနိုင်သည့် အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးဇုံနှင့် တန်ဖိုးကြီး သောသယံဇာတ[11] တူးဖော်ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများကို ရပ်ဆိုင်းထားရမည်။

၃။ ကြားကာလတွင် ပြည်သူလူထုပိုင်ဆိုင်သည့် မြေယာလက်မှတ်များကို သက်ဆိုင် ရာပြည်နယ်အစိုးရက တရားဝင် အသိအမှတ်ပြုရမည်။ ထိုကဲ့သို့ မြေယာပိုင်ဆိုင် သည့်လက်မှတ်ကို တရားဝင်အသိအမှတ်ပြုရာတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ တရားမျှတစွာဖြင့် ပြည်သူလူထုအား အသိ အမှတ်ပြုထုတ်ပေးပြီးသည့် မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်လက်မှတ်များကို သက်ဆိုင်ရာပြည်နယ်အစိုးမှ တရားဝင်အသိအမှတ်ပြုရမည်။

၄။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် ၎င်းတို့နယ်မြေ အတွင်း မြေယာကိုစီမံခန့်ခွဲရာတွင် မြေယာမူဝါဒ၊ မြေယာဥပဒေနှင့် အကောင် အထည်ဖော်မည့်ယန္တရားများ ထားရှိရမည်။

၅။ အစိုးရစစ်တပ်၊ အခြားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် မည်သည့်အဖွဲ့ အစည်းနှင့် ပုဂ္ဂိုလ်များမှ ပြည်သူလူထုလုပ်ကိုင်အသုံးပြုလျက်ရှိသော မည်သည့် မြေယာမျိုးကိုမဆို သိမ်းဆည်းခြင်း လုံးဝမပြုလုပ်ရန် ဥပဒေပြဋ္ဌာန်းရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ မြေယာဆိုသည်မှာ ရေ၊ မြေ၊ တောတောင်၊ သစ်တောနှင့် ၎င်းတို့နှင့်ဆက်စပ်သည့် သဘာဝအရင်းအမြစ်များအားလုံး ပါဝင်သည်။

[11] ဥပမာ - ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်ပစ္စည်းနှင့် ကျွန်းသစ်များ ပါဝင်သည်။

၂။ သက်ဆိုင်ရာ မူလဌာနေတိုင်းရင်းသားလူမျိုးများသည် သက်ဆိုင်ရာမြေယာ၏မူလပိုင်ရှင်ဖြစ်ပြီး ပြည်ထောင်စုသည်လည်း သက်ဆိုင်ခွင့် ရှိရမည်။

၃။ မည်သည့်နိုင်ငံခြားသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသား (ပြု) ခွင့်ရသူများမှ မြေပိုင်ဆိုင်ခွင့်မရှိစေရ။

၄။ မြေယာပိုင်ဆိုင်ခြင်း၊ ခွဲဝေခြင်း၊ အသုံးပြုခြင်းများနှင့်ပတ်သက်သည့် ဥပဒေများကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် တိကျစွာ ရေးဆွဲပြဋ္ဌာန်းဖော်ပြရမည်။

၅။ သက်ဆိုင်ရာဒေသတွင်ရှိသော တိုင်းရင်းသားများပိုင်ဆိုင်သည့်သမိုင်းကြောင်းဆိုင်ရာမြေရာ၊ ဒေသအမှတ်အသား အခေါ်အဝေါ်များကို ဖျက်ဆီးခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း မပြုလုပ်ရန်နှင့် ပြန်လည်ဖော်ဆောင်ထိန်းသိမ်းကာကွယ်ခွင့် ရှိရမည်။

၆။ မြေပိုင်ဆိုင်မှုအကျယ်အဝန်းကို အကန့်အသတ်[12] ထားရှိရမည့်အပြင် အများပြည်သူပိုင်ဆိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းပိုင်ဆိုင်ခွင့်တို့ကို အကန့်အသတ်ဖြင့် ထားရှိရမည့်။

၇။ ပုဂ္ဂလိကပိုင်မြေများ၊ လယ်ယာမြေ၊ သာသနာ့မြေများကို အသွင်ပြောင်းရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများထံမှ သဘောထားရယူ၍ တာဝန်ယူမှုနှင့်တာဝန်ခံမှု ရှိရမည်။

၈။ လက်ရှိပြည်ထောင်စုဆိုင်ရာ မြေဧရိယာများကို ဥပဒေပြဋ္ဌာန်း၍ အသုံးချလိုပါက ဒေသခံပြည်သူလူထု၏ သဘောတူညီမှုကို ရယူရမည်။

၉။ ပြည်သူလူထုပိုင်ဆိုင်သော မြေများကို ၎င်းတို့၏သဘောတူညီမှုကို ရယူရမည့်အပြင် ထိုက်သင့်သောတန်ဖိုး ပေးဆောင်ခြင်းမရှိပဲ သိမ်းဆည်းခြင်းမပြုရ။

၁၀။ ပြည်နယ်အစိုးရသည် မိမိပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသား ပြည်သူလူထု သဘောဆန္ဒနှင့်အညီ မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၁၁။ မြေယာနှင့်သက်ဆိုင်သော အခွန်များကို ပြည်နယ်အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

၁၂။ မူလမြေပိုင်ရှင်၏ သဘောတူညီမှုမရှိပဲ သိမ်းဆည်းထားသော မြေများကို သက်ဆိုင်ရာမြေရှင်များထံ ပြန်လည်ပေးအပ်ရမည်။ ပြန်ပေး၍မရသော မြေများအတွက် ဦးစွာ မြေအစားထိုးလျော်ကြေး၊ မြေအစားထိုးလျော်ကြေးမရသော မြေယာများအတွက် ကာလတန်ဖိုးအတိုင်း လျော်ကြေးပေးအပ်ရမည်။

၁၃။ မြေယာပြဿနာများကို ဖြေရှင်းရာတွင် ရိုးရာဓလေ့ထုံးတမ်းနှင့် လူမှုရေးတရားမျှတမှုကို အခြေခံ၍ ပွင့်လင်းမြင်သာသည့် သီးခြားလွတ်လပ်သော တရားစီရင်ရေးစနစ် ရှိရမည်။

[12] တစ်ဦးတစ်ယောက်အပါအဝင် ကုမ္ပဏီများကဲ့သို့ အစုအဖွဲ့ဖြင့်ပိုင်ဆိုင်ခွင့်အားလုံးကိုဆိုလိုသည်။

၁၄။ မြေယာပြဿနာများကို ဖြေရှင်းရာတွင် ပထမအဆင့်အနေဖြင့် မြေယာကြီးကြပ်ရေးကော်မတီနှင့်အရင်ဆောင်ရွက်ပြီး မပြေလည်ပါက မြေယာအထူးပြုတရားရုံးများတွင် ဆက်လက်ဖြေရှင်းရမည်။ မြေယာကြီးကြပ်ရေးကော်မတီတွင် အာဏာပိုင်အဖွဲ့အစည်းများသာမက လူထုအခြေပြုအဖွဲ့အစည်းများလည်း ပါဝင်ရမည်။

၁၅။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် အမျိုးသမီးနှင့်အမျိုးသားများ အခွင့်အရေး တန်းတူညီမျှမှု ရှိရမည်။

၁၆။ သက်ဆိုင်ရာပြည်နယ်အစိုးရမှ ကျေးရွာဘုံပိုင်မြေများကို ပြန်လည်ဖော်ထုတ် သတ်မှတ်ပေးရမည်။

၁၇။ ဌာနေတိုင်းရင်းသားတို့၏ မူလမြေများကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ရောင်းချခြင်း၊ လွှဲပြောင်းခြင်းအတွက် သီးသန့်မြေယာမူဝါဒ ချမှတ်ဆောင်ရွက်ရမည်။


၁၈။ ဘိုးဘွားပိုင်မြေများ၊ ဓားမဦးချမြေများကို သက်ဆိုင်ရာမြေယာဥပဒေများမှ အသိအမှတ်ပြုပြီး သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရမည်။

၁၉။ မြေယာနှင့်ပတ်သက်သော ဗဟုသုတအသိပညာများကို ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားရမည်။

# ၄။ သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ (မူကြမ်း)







## နောက်ခံသမိုင်း

ဤသဘာဝသယံဇာတဆိုင်ရာ မူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅-၂၇ ရက်နေ့များတွင် တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသော စီးပွားရေးဆိုင်ရာမူဝါဒများ အပိုင်း (၁) မြေယာနှင့် သဘာဝသယံဇာတမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှ ခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) ကိုယ်စားလှယ်များမှ နီးနှောတိုင်ပင်ဆွေးနွေးပြီး ရရှိလာသော မူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် EAOs အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CSOs နှင့် CBOs မှ ကိုယ်စားလှယ်များ ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့သည်။

ယင်းကဲ့သို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသောမူကြမ်းကို EAOs အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs နှင့် CBOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ် ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထို့သို့ ကွင်းဆင်းမှုပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ဖြည့်စွက်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် EAOs၊ EPPs ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့များနှင့် အလုပ်ရုံဆွေးနွေးပွဲ ထပ်မံပြုလုပ်၍ ရရှိထားသော သဘာဝသယံဇာတဆိုင်ရာ မူဝါဒများ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့်တိုင်းများရှိ NLD နှင့် USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် နီးနှောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ မှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်းတွင် ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့်တိုင်းများမှရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို စုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သောတိုင်းရင်းသား လူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသောမူဝါဒအကြံပြုချက် (မူကြမ်း) များဖြစ်ပါသည်။

# နိဒါန်း

သဘာဝသယံဇာတသည် ယခုလက်ရှိ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ရှိနေပြီး စနစ်တကျ ကိုင်တွယ်ရမည့်အရာ ဖြစ်သည်။ အထူးသဖြင့် သဘာဝသယံဇာတနှင့် ပတ်သက်ပြီး (၁) ပိုင်ဆိုင်ခွင့်၊ (၂) ထုတ်ယူသုံးစွဲပိုင်ခွင့်နှင့် အကျိုးအမြတ်ခွဲဝေခံစားခွင့်၊ (၃) ထိန်းချုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်နှင့် (၄) ဆုံးဖြတ်ပိုင်ခွင့် စသည်တို့သည် ဌာနေဒေသခံတိုင်းရင်းသားလူမျိုးများ၏ လက်ထဲတွင် ရှိရမည်။ အထက်ပါ လုပ်ပိုင်ခွင့်နှင့် အာဏာများအတွက် မည်သို့ပုံစံဖြစ်သင့်သည်ကို ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် ပေါ်ပေါက်လာမည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် ကျင့်သုံးအကောင်အထည်ဖော်ရန် သဘာဝသယံဇာတဆိုင်ရာမူဝါဒများ ချမှတ်ထားရန် လိုအပ်သည်။

## ဦးတည်ချက်

သဘာဝသယံဇာတနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ ပိုင်ဆိုင်ခွင့်၊ သုံးစွဲပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိရေးကိုအခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲသော မူဝါဒဖြစ်ပေါ်လာစေရန်။

# အခြေခံလမ်းညွှန်မှုများ

၁။ သဘာဝသယံဇာတ စီမံခန့်ခွဲရေးတွင် ဒေသခံတိုင်းရင်းသားလူမျိုးများသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု အုပ်ချုပ်မှုစနစ်အောက်၌ ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝသယံဇာတစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးပိုင်ခွင့်နှင့် ပါဝင်ဆုံးဖြတ်ပိုင်ခွင့် ရှိရေးကို အခြေခံရမည်။

၂။ အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးနှင့် တန်ဖိုးကြီးသော သယံဇာတတူးဖော်သုံးစွဲရာတွင် ပထမဦးစားပေးအနေနှင့် ဒေသခံလူထုထံမှ လွတ်လပ်စွာ သဘောထားရယူရန် အသိပေးခြင်းဖြင့် ၎င်းတို့၏သဘောတူညီမှုကို ရယူသည့် နိုင်ငံတကာစံချိန်စံညွှန်း (FPIC)[13] ကို အခြေခံရမည်။

၃။ လူ့စွမ်းအားအရင်းအမြစ်ကို ဗဟိုပြု၍ သယံဇာတအပေါ် မှီခိုခြင်းလျော့ချရေးကို ဦးတည်သောမူဝါဒကို အခြေခံရမည်။

[13] လွတ်လပ်စွာ သဘောထားရယူရန် အသိပေးခြင်းနှင့် သဘောတူညီမှု ရယူခြင်း (Free, Prior and Informed Consent).

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ ကြားကာလတွင် ဒေသခံပြည်သူလူထုကို ထိခိုက်နစ်နာစေနိုင်သည့် အကြီးစားစီမံကိန်းများ၊ အထူးစီးပွားရေးဇုန်နှင့် တန်ဖိုးကြီးသော သယံဇာတ[14] တူးဖော်သုံးစွဲခြင်း လုပ်ငန်းများကို ရပ်ဆိုင်းထားရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ တိုင်းရင်းသားပြည်နယ်များရှိ သဘာဝသယံဇာတအားလုံး၏မူလပိုင်ရှင်သည် သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ်များရှိ ဌာနေတိုင်းရင်းသားပြည်သူလူထုဖြစ်ပြီး ပြည်ထောင်စုမှလည်း သက်ဆိုင်ခွင့် ရှိရမည်။

၂။ လေထု၊ ရေထုနှင့် မြေပေါ်မြေအောက်ရှိ သဘာဝအရင်းအမြစ်များအပါအဝင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့အစဉ်အလာအရ ပိုင်ဆိုင်ကျင့်သုံးလာသော သဘာဝ သယံဇာတစီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြုအာမခံသည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရမည်။

၃။ သဘာဝသယံဇာတများကို စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များသည် ပြည်နယ်အစိုးရလက်ထဲတွင် ထားရှိပြီး ပြည်ထောင်စုအရေးနှင့်ဆက်စပ်သော ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၄။ သဘာဝသယံဇာတနှင့်ပတ်သက်ပြီး ထုတ်ယူသုံးစွဲခွင့်၊ တိုက်ရိုက်အကျိုးအမြတ်ခွဲဝေခံစားခွင့်၊ ထိန်းချုပ်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်အာဏာစသည့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များကို ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ရေးဆွဲပြဋ္ဌာန်းရမည်။

**တရားဥပဒေနှင့် စီမံခန့်ခွဲရေးမူဘောင် -**

၄.၁။ သဘာဝသယံဇာတ ထုတ်ယူရောင်းချမှုအတွက် စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သောမဟာဗျူဟာ ချမှတ်ရမည်။

၄.၂။ သဘာဝသယံဇာတ စီမံခန့်ခွဲရေးအတွက် တရားဥပဒေစိုးမိုးစေမည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရမည်။

၄.၃။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးအပါအဝင် အခြားသောသဘာဝသယံဇာတ ထုတ်ယူရောင်းချမှုများသည် ကောင်းမွန်သော အကောက်အခွန် ရရှိနိုင်ရေးအတွက် ထိထိရောက်ရောက် ပူးပေါင်းစီမံခန့်ခွဲရမည်။

[14] ရေနံ၊ ဓာတ်ငွေ့ နှင့် အခြားတွင်းထွက်ပစ္စည်း များတူးဖော်သုံးစွဲခြင်းလုပ်ငန်းများနှင့် ကျွန်းသစ်အပါအဝင် အခြားသစ်များထုပ်လုပ်ခြင်းများ။

**စမ်းသပ်လေ့လာခြင်းနှင့်လုပ်ပိုင်ခွင့်[15] -**

၄.၄။ ပထဝီမြေအနေအထားစမ်းသပ်လေ့လာခြင်းနှင့်ပတ်သက်ပြီး နောက်ခံသမိုင်းကြောင်းနှင့် နောက်ဆုံးရ သတင်းအချက်အလက်များ ရယူပြီးပြည်သူလူထုကို ချပြရမည်။

၄.၅။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ရှိ/မရှိအပေါ် အခြေခံပြီး လုပ်ပိုင်ခွင့်ချပေးရမည်။

၄.၆။ လုပ်ပိုင်ခွင့်ချပေးခြင်း အဆင့်ဆင့်တွင် ပွင့်လင်းမြင်သာမှုရှိပြီး ကျွမ်းကျင်သူပညာရှင်များကော်မတီအဖွဲ့တွင် ဒေသခံများပါဝင်ရမည်။

၄.၇။ စမ်းသပ်လေ့လာခြင်းနှင့်ပတ်သက်၍ အချိန်ကာလအတိုဆုံးနှင့် စက်ကိရိယာများကို အကန့်အသတ်နှင့် လုပ်ဆောင်ရမည်။ စမ်းသပ်လေ့လာသည့်ကာလတွင် ထုတ်ယူရောင်းချခွင့်မရှိရ။

**တာဝန်ယူမှုနှင့်တာဝန်ခံမှု -**

၄.၈။ စီမံကိန်းဆိုင်ရာ သဘောတူစာချုပ်များကို ဒေသခံတိုင်းရင်းသားလူထု အပါအဝင် ပြည်သူလူထုအား ချပြရမည်။ သဘောတူစာချုပ် ချိုးဖောက်သောအဖွဲ့အစည်းအား ထိရောက်စွာ အရေးယူမှုဆောင်ရွက်ရမည်။

၄.၉။ စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုနှင့် ပါဝင်ရင်းနှီးမြှုပ်နှံမှု အတိုင်းအတာပမာဏအသီးသီးကို ပွင့်လင်းမြင်သာစွာ ချပြရမည်။

၄.၁၀။ တိကျမှန်ကန်သော ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းများကို လူထုအားချပြရမည်။

၅။ တိုင်းရင်းသားပြည်နယ်များအတွင်းရှိ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းအပေါ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအကြား အကောက်အခွန်များခွဲဝေသုံးစွဲမှုအချိုးကို ဖက်ဒရယ်ဒီမိုရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာပြဋ္ဌာန်းရမည့်အပြင် စမ်းသပ်လေ့လာခြင်းနှင့် လုပ်ပိုင်ခွင့်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုကို နည်းဥပဒေရေးဆွဲ ပြဋ္ဌာန်းသည့်အချိန်တွင် ထည့်သွင်းဆွေးနွေးသွားရမည်။

**အခွန်ကောက်ခံခြင်း -**

၅.၁။ ရှင်းလင်းပြီးတစ်သမတ်တည်းရှိကာစဉ်ဆက်မပြတ်တိုးမြှင့်ကောက်ခံနိုင်သော အခွန်ကောက်ခံရေးစနစ်ကို ချမှတ်ရမည်။

၅.၂။ အခွန်ဝင်ငွေများကို သေချာစွာ စာရင်းပြုစုရမည်။

[15] သဘာဝသယံဇာတ တူးဖော်ခြင်းကို တရားဝင်လုပ်ကိုင်ရန် လိုင်စင်များ ထုတ်ပေးခြင်းများ ပါဝင်သည်။

၅.၃။ အခွန်ဘဏ္ဍာငွေ ကြီးကြပ်ခြင်းနှင့်အခွန်စာရင်းစစ်ဆေးမှုကိုအားကောင်းစေရန် လွတ်လပ်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်များထားရှိ၍ အကောင်ထည်ဖော်ရမည်။

**အခွန်ဘဏ္ဍာငွေများကို မျှဝေအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း -**

၅.၄။ နစ်စဉ်သုံးကုန်ကျစရိတ်မြင့်မားမှုကို ချောမွေ့စေခြင်း၊ နိုင်ငံ၏ဘဏ္ဍာငွေ မဟုတ်ဘဲ ပြင်ပ (သို့မဟုတ်) အခြားမှလာသော အသုံးစရိတ်များကို နိုင်ငံ၏ဘဏ္ဍာငွေ အသုံးစာရင်းတွင် ထည့်သွင်းစီမံခန့်ခွဲရမည်။

၅.၅။ သဘာဝသယံဇာတ ထုတ်ယူရောင်းချခြင်းမှရရှိသော အခွန်နှင့် ဝင်ငွေများကို မျှဝေအသုံးပြုခြင်းအပါအဝင် တိုင်းရင်းသားပြည်နယ်အဆင့် ဘဏ္ဍာဝင်ငွေမျှ ဝေအသုံးပြုခြင်းပုံသေနည်း (Revenue Sharing Formula) ကို ဥပဒေဖြင့်ရေး ဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရမည်။

၅.၆။ အစိုးရပိုင်နှင့် စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများမှ ပေးဆောင်ရမည့် အခွန်ပမာဏ ကို ရှင်းလင်းစွာသတ်မှတ်ပြီး ကောက်ခံရမည်။

**အစိုးရ (သို့မဟုတ်) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ-**

၅.၇။ အစိုးရပိုင်နှင့်နိုင်ငံပိုင်သယံဇာတထုတ်လုပ်သည့်စီးပွားရေးလုပ်ငန်းများအတွက် အခြားစီးပွားရေးလုပ်ငန်းများနည်းတူ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့်တာ ဝန်ခံမှုကို အခြေခံသည့်ဥပဒေများကို ပြဋ္ဌာန်းပေးရမည်။

၅.၈။ တိကျရှင်းလင်းမှုမရှိသော တာဝန်နှင့်အခန်းကဏ္ဍ၊ ပြည်သူပိုင်ဘဏ္ဍာငွေကို အလွဲသုံးစားပြုလုပ်ခြင်း၊ အားနည်းသော စီမံခန့်ခွဲမှုနှင့် ကိုယ်ကျိုးစီးပွားမျှော် ကိုးမှုကြောင့် ဖြစ်ပေါ်လာသော အကျင့်ပျက်ခြစားမှုများကို စနစ်တကျ ကိုင်တွယ် ဖြေရှင်းရန်အတွက် ဥပဒေများပြဋ္ဌာန်းပြီး အရေးယူရမည်။

၆။ ပြည်ထောင်စုအစိုးရအနေဖြင့် သဘာဝသယံဇာတနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှု နှင့် စီမံကိန်းတစ်ခုခုပြုလုပ်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကျိုးသက် ရောက်မှုရှိ/မရှိဆန်းစစ်ခြင်း (EIA)၊[16] လူမှုဘဝအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (SIA)၊[17] ကျန်းမာရေးဆိုးကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (HIA)၊[18] ပဋိပက္ခဖြစ်နိုင်ခြေအတွက် ဆန်းစစ်ခြင်း (CIA)[19] နှင့် အခြားလိုအပ်သော ဆန်းစစ်ခြင်းတို့ကို တိုင်းရင်းသားပြည်သူများ သိရှိနားလည်အောင် စနစ်တကျရှင်း လင်းချပြပြီးမှ ၎င်းပြည်သူလူထု၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ရ မည်။ သဘာဝသယံဇာတပစ္စည်းများကို တူးဖော်/အသုံးပြုပြီးလျှင် ၎င်းအားမူလပိုင် ရှင်ထံသို့ ပြန်လည်အပ်နှံရမည်။

[16] သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (Environmental Impact Assessment).
[17] လူမှုဘဝအပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (Social Impact Assessment).
[18] ကျန်းမာရေးဆိုးကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (Health Impact Assessment).
[19] ပဋိပက္ခဖြစ်နိုင်ခြေအတွက် ဆန်းစစ်ခြင်း (Conflict Impact Assessment).

**ဒေသအပေါ်ထိခိုက်နစ်နာမှုကိုစီမံခန့်ခွဲခြင်း -**

၆.၁။ ထိခိုက်နစ်နာမှုဆိုင်ရာ ဆန်းစစ်လေ့လာမှုများအတွက် ရှင်းလင်းတိကျသော မူဝါဒများ ချမှတ်ရမည်။

၆.၂။ စီမံကိန်းများစတင်အကောင်အထည်မဖော်မီဒေသခံတိုင်းရင်းသားပြည်သူများကို ကြိုတင်အသိပေးခြင်းနှင့် ၎င်းတို့၏လွတ်လပ်စွာ သဘောထားထုတ်ဖော်ခွင့်ရှိသည့် အားလုံးပါဝင်နိုင်သော တိုင်းရင်းသားလူထုသဘောထားရယူမှုကို ပြုလုပ်ရမည်။

၆.၃။ စီမံကိန်းပြုလုပ်သည့်ဧရိယာတွင်ဒေသခံတိုင်းရင်းသားလူထုနှင့်အမျိုးသမီးများ၏ ဘဝလုံခြုံမှုအပေါ် ဖြစ်ပေါ်လာမည့် ထိခိုက်နစ်နာမှုများကို ကာကွယ်ရမည့်အပြင် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲပြီးနောက် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားခြင်းနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်။

၆.၄။ ဒေသခံတိုင်းရင်းသားလူထုနှင့် CSOs၊ CBOs များ ပြုလုပ်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (EIA)၊ လူမှုဘဝအပေါ်အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (SIA)၊ ကျန်းမာရေးဆိုးကျိုးသက်ရောက်မှု ရှိ/မရှိဆန်းစစ်ခြင်း (HIA)၊ ပဋိပက္ခ ဖြစ်နိုင်ခြေအတွက်ဆန်းစစ်ခြင်း (CIA) နှင့် အခြားလိုအပ်သောဆန်းစစ်ခြင်းတို့ကို အသိအမှတ်ပြုရမည်။

၇။ သဘာဝသယံဇာတများ ထုတ်ယူရောင်းချရေးတွင် လေ့လာစစ်ဆေးရန်အတွက် ပညာရှင်၊ ဒေသခံ CSOs များနှင့် CBOs များ ပါဝင်ဖွဲ့စည်းထားသော လွတ်လပ်သည့် စောင့်ကြည့်လေ့လာရေးကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်များကို လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့်လေ့လာစစ်ဆေးခွင့်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းရေးဆွဲထားရမည်။

၈။ သဘာဝသယံဇာတမှ ရရှိသောအကျိုးအမြတ်များကို တိုင်းရင်းသားပြည်နယ်များအတွင်းရှိ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ မျိုးဆက်သစ်ရန်ပုံငွေနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်အသုံးပြုရမည် -

၈.၁။ ကျန်းမာရေးနှင့်ပညာရေးအတွက် ဘဏ္ဍာငွေကို ပိုမိုရင်းနှီးမြှုပ်နှံရမည်။

၈.၂။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံ[20] များကိုဆောက်လုပ်၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်။

၈.၃။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အသုံးပြုသော ဘဏ္ဍာငွေနှင့်အသုံးစရိတ်စီမံခန့်ခွဲမှုစနစ်ကို သေချာစွာကြီးကြပ်ရမည်။

[20] လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ စသည်တို့ပါဝင်သည်။

၉။ သဘာဝသယံဇာတစီမံခန့်ခွဲရေးတွင် နိုင်ငံတကာကုမ္ပဏီနှင့် ငွေကြေးထောက်ပံ့သူမ ဏ္ဍား၏ပူးပေါင်းပါဝင်မှုကို စနစ်တကျ လမ်းညွှန်ကြီးကြပ်ရမည်။

**နိုင်ငံတကာကုမ္ပဏီများ၏အခန်းကဏ္ဍ -**

၉.၁။ ကုမ္ပဏီများ၏လူမှုရေးဆိုင်ရာတာဝန်ယူမှု၊ တာဝန်ခံမှုနှင့်လုပ်ငန်းများကို နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ရမည်။

၉.၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားလူထု၏ သဘောတူညီမှုကို အလေးထားရယူရမည်။

၉.၃။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြည်တွင်းဥပဒေအားနည်းနေပါက နိုင်ငံတကာဥပဒေနှင့် စံချိန်စံနှုန်းအတိုင်း လိုက်နာအကောင်အထည်ဖော်ရမည်။

**နိုင်ငံတကာအသိုင်းအဝိုင်း၏အခန်းကဏ္ဍ -**

၉.၄။ နိုင်ငံတကာငွေကြေးထောက်ပံ့သော အဖွဲ့အစည်းများသည် အားလုံးပါဝင်ရေးဆွဲဆိုးဖြတ်သည့် လုပ်ငန်းအစီအစဉ်ချမှတ်ရေးကို အားပေးထောက်ပံ့ရမည်။

၉.၅။ စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများသည် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ သဘာဝသယံဇာတနှင့်ပတ်သက်သော ဗဟုသုတအသိပညာများကို ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးရမည်။

၁၁။ သဘာဝသယံဇာတများ ထုတ်ယူရောင်းချရာတွင် အချိန်တိုအတွင်း အလွန်အကျွံထုတ်ယူခြင်းမပြုပဲ ဂေဟစနစ်ပျက်စီးမှု လျော့ကျအောင် စနစ်တကျထုတ်ယူသည့် မူဝါဒများ ချမှတ်ရမည်။

၁၂။ နစ်နာဆုံးရှုံးမှုအတွက် ကုစားနိုင်သောဥပဒေများကို ပြဋ္ဌာန်းပေးရမည်။

# ၅။ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ (မူကြမ်း)






# နောက်ခံသမိုင်း

ဤစိုက်ပျိုးရေးမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၆-၂၇ ရက်နေ့များ၌ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသော စီးပွားရေးဆိုင်ရာမူဝါဒများ အပိုင်း (၂) စိုက်ပျိုးရေးဆိုင်ရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှ ကိုယ်စားလှယ်များ နီးနှောတိုင်ပင်ဆွေးနွေးပြီး ရရှိလာသောမူဝါဒအကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CSOs၊ CBOs မှ ကိုယ်စားလှယ်များနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ထိုသို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသောမူကြမ်းကို EAOs အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှသွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs ၊ CBOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထို့သို့ ကွင်းဆင်းမှု ပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ဖြည့်စွက်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် EAOs၊ EPPs မှ ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက် ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့်အလုပ်ရုံဆွေးနွေးပွဲတစ်ခုထပ်မံပြုလုပ်၍ ရရှိထားသောစိုက်ပျိုးရေးမူဝါဒများ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့်တိုင်းများရှိ NLD၊ USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် နီးနှောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်းတွင် ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့် တိုင်းများမှရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကိုစုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် (EAOs) ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

စိုက်ပျိုးရေးမူဝါဒ ချမှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏စိုက်ပျိုးရေးမူဝါဒကို သုံးသပ်ရာတွင် နိုင်ငံတော်ဗဟိုမှ စီမံကိန်းသီးနှံများ စိုက်ပျိုးရန်ချမှတ်ခြင်း၊ တစ်သီးစိုက်သည့်မူဝါဒများချမှတ်ခြင်း၊ ကုမ္ပဏီများနှင့် ငွေကိုသာအားပေးသောမူဝါဒများ၊[21] ဓာတုနှင့်နိုင်ငံခြားမျိုးစေ့များကို ဦးစားပေးသောမူဝါဒများ၊ ကုန်လှောင်သည့်မူဝါဒများ၊ ဈေးကွက်ထိန်းချုပ်သည့် မူဝါဒများ၊ စီးပွားရေးလုပ်ငန်းရှင်များက ဈေးကွက်ထိန်းချုပ်သည့်မူဝါဒများ ဖြစ်ခြင်းတို့ကြောင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်လာရန် လက်တွေ့အကောင်အထည်ဖော်နိုင်မှု ထောက်ပံ့ပေးသည့်မူဝါဒများ မရှိသလောက် ဖြစ်နေပါသည်။ ထို့အပြင် မျိုးရိုးဗီဇပြောင်းလဲထားသောမျိုးစေ့ (GMO)၊ ကုမ္ပဏီများထိန်းချုပ်သော စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု (Contract Farming)၊ လယ်သမားများ၏စိုက်ပျိုးရေးအတွက် ဈေးငွေ အတိုးများခြင်း၊ စပါးဈေးကွက်မရှိခြင်း၊ စိုက်ပျိုးရေးအကြောင်းကို နားမလည်သည့် ဝန်ကြီးများ အစဉ်အဆက်အုပ်ချုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့်ကျွမ်းကျင်သည့် ပညာရှင်များ နေရာပေးမှုအားနည်းခြင်းတို့ကြောင့် စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံ ကိုက်ညီမှုမရှိ၍ စိုက်ပျိုးရေးကဏ္ဍ ပိုမိုဆုတ်ယုတ်လာကြောင်း တွေ့ရှိရသည်။

လယ်လုပ်သူ လယ်ပိုင်ရမည့်အစား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၃၇-က) တွင် ရေ၊ မြေ၊ သစ်တောသယံဇာတများကို နိုင်ငံတော်ပိုင်ပြုလုပ်ထားခြင်း၊ ၂၀၁၂ မြေယာဥပဒေအရ ကုမ္ပဏီများက (၅၀၀) ဧကမှ (၅၀၀၀) ဧကယူထားနိုင်ခြင်း၊ တိုင်းရင်းသား ပြည်နယ်နှင့် တိုင်းရင်းသားပြည်သူများ ပါဝင်မှုမရှိသည့် ဗဟိုချုပ်ကိုင်မှုစနစ် ဖြစ်နေခြင်း နှင့် ပြည်သူလူထု လုပ်ကိုင်စားသောက်သည့် မြေယာသိမ်းဆည်းခြင်းတို့သည် စိုက်ပျိုး ရေးမူဝါဒနှင့် တိုက်ရိုက်ဆက်စပ်သောကြောင့် စိုက်ပျိုးရေးဆိုင်ရာမူဝါဒများကို အဖက်ဖက်မှ ပြုပြင်ပြောင်းလဲရန် လိုအပ်နေပေသည်။

## ဦးတည်ချက်

ဂေဟစနစ်နှင့်လိုက်လျောညီထွေပြီး နည်းပညာအထောက်အကူပြု စိုက်ပျိုးရေးစနစ်ဖြင့် အာဟာရပြည့်ဝသော အစားအစာများကို လူတိုင်းဖူလုံစွာရရှိစေရေး၊ ဒေသနှင့် လိုက်လျောညီထွေသောသီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးပိုင်ခွင့်၊ စီမံပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် တောင်သူလယ်သမားတို့၏ လူမှုစီးပွားကို မြှင့်တင်နိုင်သည့် စိုက်ပျိုးရေးစနစ် ထွက်ပေါ်လာရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ဒေသနေတိုင်းရင်းသားပြည်သူများအကျိုးကို ဦးစားပေးသည့် စိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်ရမည်။

[21] အစိုးရစိုက်ခိုင်းသည့် သီးနှံများကိုသာစိုက်ရခြင်း။

၂။ အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့်အညီ နိုင်ငံတကာအခြေခံလူ့အခွင့်အရေး[22] များဆိုင်ရာ သတ်မှတ်ချက်များနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးရေးကို အခြေခံသည့် စိုက်ပျိုးရေးမူဝါဒ ဖြစ်ရမည်။

၃။ ဒေသဖူလုံရေးနှင့် တစ်နိုင်ငံတစ်ပိုင် စိုက်ပျိုးရေးကို အားပေးကူညီသည့် အခြေခံမှု ဖြစ်ရမည်။

၄။ ရေရှည်တည်တံ့ခိုင်မြဲပြီး၊ သဘာဝပတ်ဝန်းကျင်နှင့်လူကို မထိခိုက်စေသောခေတ်မီ စိုက်ပျိုးရေးနည်းစနစ် ဖြစ်ရမည်။

၅။ ဒေသစိုက်ပျိုးသီးနှံနှင့် မျိုးစေ့များနှင့် ၎င်း၏မူပိုင်ခွင့်ကို ကာကွယ်ပေးသည့် အခြေခံမှု ဖြစ်ရမည်။

၆။ ဌာနေတိုင်းရင်းသားပြည်သူများ၏ ဒေသထွက်သီးနှံများ ခိုင်မာသည့်ဈေးကွက်စီးပွားရေးစနစ်တစ်ခု ဖော်ဆောင်ပေးမည့် အခြေခံမှု ဖြစ်ရမည်။

၇။ စိုက်ပျိုးရေးစနစ်သည် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အခြေခံမှု ဖြစ်ရမည်။

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ ကြားကာလတွင် လက်ရှိခွင့်ပြုထားသော အကြီးစား စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသစ်ထပ်မံခွင့်ပြုခြင်းများကို ရပ်ဆိုင်းရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ စိုက်ပျိုးမြေဆိုသည်မှာ လယ်၊ ယာ၊ ဥယျာဉ်ခြံ၊ ကိုင်းကျွန်း၊ မြေနုကျွန်း၊ ဒီရေတော နှင့် တောင်ယာစိုက်ပျိုးမြေများ ပါဝင်သည်။

၂။ စိုက်ပျိုးရေးဆိုင်ရာမူဝါဒများကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရ၊ ဒေသန္တရအစိုးရအဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊ တတ်သိပညာရှင်များ၊ CSOs၊ CBOs နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းရေးဆွဲရမည်။

၃။ လယ်လုပ်သူ[23] လယ်ပိုင်ဆိုင်ခွင့် ရှိရမည်။

---

[22] အခြေခံလူ့အခွင့်အရေးဆိုသည်မှာ ကလေးများအတွက် အထူးလိုအပ်ချက်ဆိုင်ရာ၊ ကျား-မဆိုင်ရာ၊ တောင်သူလယ်သမားဆိုင်ရာ၊ အလုပ်သမားဆိုင်ရာ၊ အစားအသောက်ဆိုင်ရာလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စသည်များနှင့်ပတ်သက်သော အခွင့်ရေးများကို ဆိုလိုသည်။

[23] လယ်လုပ်သူဆိုသည်မှာ ဌာနေတိုင်းရင်းသား လယ်လုပ်သူများဖြစ်ပြီး သူရင်းငှား၊ သီးစားငှားရမ်းလုပ်ဆောင်သူ၊ အခစား၊ နေ့စားနှင့် လယ်လုပ်သားများကို ရည်ညွှန်းခြင်းမဟုတ်ပါ။

၄။ ပြည်ပနိုင်ငံမှ ရွှေ့ပြောင်းရောက်ရှိလာသောသူများသည် လယ်ယာမြေကိုပိုင်ဆိုင်ခွင့်မရှိဘဲ၊ ငှားရမ်းလုပ်ပိုင်ခွင့်သာ ရှိသည်။

၅။ ဒေသခံတောင်သူလယ်သမားများသည် မိမိဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များနှင့် သီးနှံများ[24] ကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ရှိရမည်။

၆။ ဒေသရင်းမျိုးစေ့များနှင့် အပင်ဗီဇအရင်းအမြစ်များကို ထိန်းသိမ်းမြှင့်တင်ရန်၊ ၎င်းတို့၏မူပိုင်ခွင့်အား တောင်သူလယ်သမားများသာ ပိုင်ဆိုင်သည်။

၇။ တောင်သူလယ်သမား[25] အသင်းအဖွဲ့များအား လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် လှုပ်ရှားခွင့် ရှိရမည်။

၈။ ဒေသထွက်စီးပွားဖြစ်သီးနှံများအပေါ် မျှတသောအခွန်ကောက်ခံသည့်စနစ်[26] ရှိရမည်။

၉။ ကုမ္ပဏီများနှင့် အစိုးရဌာနဆိုင်ရာများက စိုက်ပျိုးရေးကဏ္ဍအပေါ် လက်ဝါးကြီးအုပ်သည့်ဥပဒေများကို ဖျက်သိမ်းရမည်။

၁၀။ တိုင်းရင်းသားဒေသများတွင် ပြုလုပ်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုပိုင်ဆိုင်သော မြေများအား ပုဂ္ဂလိက (သို့) နိုင်ငံခြားကုမ္ပဏီများမှ စိုက်ပျိုးရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် သက်ဆိုင်ရာပြည်နယ်လွှတ်တော်နှင့် ဒေသခံပြည်သူများ၏ သဘောထားဆန္ဒရရှိမှသာ အကောင်အထည်ဖော်ရမည်။

၁၁။ စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်း၊ အတတ်ပညာ သင်ကျောင်းများနှင့် တက္ကသိုလ်များအတွက် နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေး သုတေသနဌာနများအား ဒေသနှင့်လိုက်လျောညီထွေစွာ တည်ထောင်တိုးချဲ့ဖွင့်လှစ်ထားရှိရမည်။ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ထိရောက်စွာ စနစ်တကျ တိုးမြှင့်ဆောင်ရွက်သွားရမည်။

၁၂။ ဒေသခံတစ်နိုင်တစ်ပိုင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများအတွက် လယ်ယာမြေပိုင်ဆိုင်ရေး ဖော်ဆောင်ရမည်။

၁၃။ ဒေသစားနပ်ရိက္ခာဖူလုံရေးသည် အဓိကအခြေခံလိုအပ်ချက်ဖြစ်၍ လုံလောက်သော စိုက်ပျိုးမြေများကို ဖော်ဆောင်ရမည်။

၁၄။ တောင်သူလယ်သမားများ၏ ဒေသထွက်ကုန်များကို မြှင့်တင်ပြီး လယ်ယာထွက်ကုန်ပစ္စည်းများအား လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော ပြည်တွင်းပြည်ပဈေးကွက်ထွန်းကားလာစေရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ

[24] နှစ်တို၊ နှစ်ရှည်သီးနှံများပါဝင်၍ ဥပမာအားဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ရာဘာ အစရှိသည့် သစ်ပင်မျိုးများပါဝင်သည်။
[25] တောင်သူလယ်သမားဟုဆိုရာတွင် ဥယာဉ်ခြံသမားလည်း ပါဝင်သည်။
[26] အခွန်ပေးဆောင်မည့်တောင်သူများအတွက် ဒေသထွက် စီးပွားဖြစ်သီးနှံများအပေါ် အခွန်ကင်းလွတ်ခွင့်ကဲ့သို့သော အခွင့်အရေးနှင့် ရောင်းဝယ်သူများအတွက် တရားမျှတသော အခွန်စနစ်ကို ဆိုလိုသည်။

မှ ဖော်ဆောင်ပေးရမည်။

၁၅။ ဒေသနှင့်လိုက်လျောညီထွေပြီး ဒေသခံလူထုကို အကျိုးပြုသော နည်းပညာ အထောက်အကူပြု စိုက်ပျိုးရေးစနစ်ကို အသိပညာပေးဖြန့်ဖြူး၍ အကောင် အထည်ဖော်ရမည်။

၁၆။ စိုက်ပျိုးရေးအတွက် အသုံးပြုမည့်ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်များက လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

၁၇။ ရိုးရာဓလေ့စိုက်ပျိုးရေးနည်းစနစ်ဖြင့် လယ်ယာမြေအသုံးပြုမှုကို အသိအမှတ်ပြု၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရမည်။

၁၈။ လက်ရှိတည်ရှိနေသော စိုက်ပျိုးရေးလုပ်ငန်းများကို သုတေသနပြုလုပ်ကာ ဒေသ နှင့်ကိုက်ညီသော စိုက်ပျိုးရေးမဟာဗျူဟာများ ချမှတ်ပြီး အကောင်အထည်ဖော် ရမည်။

၁၉။ စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရမှ ချေး ငွေများပေးအပ်သည့်ယန္တရားတစ်ရပ် ဖော်ဆောင်ပေးရန် အရံငွေ (Subsidies) ထားရှိပေးရမည်။

၂၀။ စိုက်ပျိုးရေး အခြေခံလိုအပ်ချက်ဖြစ်သော ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် စီမံ ခန့်ခွဲရေး မူဝါဒများကို ရေးဆွဲအကောင်အထည်ဖော်ရမည်

၂၁။ စိုက်ပျိုးရေးလုပ်ငန်းများ[27] နှင့်ဆက်စပ်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို ခေတ်နှင့်အညီ ရေးဆွဲရမည်။

၂၂။ သဘာဝမြေသြဇာဖြစ်သော သြဂနစ် (Organic) မြေသြဇာများ ပိုမိုထုတ်လုပ်သုံး စွဲတတ်စေရန်နှင့် တိုးတက်ထွန်းကားလာရန် သဘာဝမြေသြဇာသြဂနစ် ထုတ် လုပ်သည့် နည်းပညာများကို တောင်သူလယ်သမားများနှင့် ခြံမြေတောင်သူများကို လက်တွေ့အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးရမည်။

၂၃။ သဘာဝသစ်တောများကို ထိန်းသိမ်းနိုင်ရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ သစ်တော များ မပြုန်းတီးရေး၊ သစ်တောများ စိုက်ပျိုးရေး၊ တစ်နိုင်တစ်ပိုင်သစ်ပင်စိုက်ပျိုးမှု များကို လုပ်ကိုင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများမှ ဥပဒေများ ပြဋ္ဌာန်းပေးရမည်။

၂၄။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ မြေယာများကို ငှားရမ်းလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် တားမြစ်ခွင့်ဥပဒေများကို သက်ဆိုင်ရာ ပြည်နယ်မှ ပြဋ္ဌာန်းပေးရမည်။

[27] မြေယာနှင့်ပတ်သက်သည့်အကြီးစားစီမံကိန်းများ၊ ရေ၊ မျိုးစေ့များ၊ ဓာတ်မြေသြဇာ၊ ဓာတုနှင့် ဆေးဝါးများ၊ မွေးမြူရေးလုပ်ငန်းများ အပါအဝင် အခြားစိုက်ပျိုးရေးနှင့် ဆက်စပ်သည့်ကိစ္စများကိုဆိုလိုသည်။

၂၅။ ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့်မူဝါဒများကို ချမှတ်ပေးရမည်။

၂၆။ စိုက်ပျိုးမြေများအား သဘာဝဘေးအန္တရာယ်[28] နှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရန်နှင့် ပျက်စီးသွားသော စိုက်ပျိုးမြေများအား အလျင်အမြန် ပြန်လည်ထူထောင်နိုင်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရမည်။

၂၇။ လက်ရှိအခြေအနေတွင် မြေဆီလွှာကို ပျက်ဆီးစေသည့် ဓာတ်မြေသြဇာအသုံးပြုခြင်းကို အထူးစီမံချက်ချမှတ်၍ တားဆီးပိတ်ပင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

၂၈။ တောင်ပေါ်ဒေသများရှိ စိုက်ပျိုးမြေများ ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းနိုင်သမျှ နည်းစေပြီး စိုက်ပျိုးလုပ်ကိုင်စေရန်အတွက် ကုန်းမြင့်လယ်ယာမြေများကို ဖော်ဆောင်ပေးရမည်။

၂၉။ စိုက်ပျိုးရေးသီးနှံအပေါ် မူတည်၍ နှစ်ရှည်စိုက်ပျိုးချေးငွေ ထုတ်ပေးရမည်။

၃၀။ စိုက်ပျိုးရေးအခြေခံ စက်မှုစီးပွားရေးစနစ်ကို ဖော်ဆောင်ရမည်။

[28] စိုက်ပျိုးမြေများအတွင်း ပင်လယ်ရေငံဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန်အတွက် ခိုင်မာသောတာတမံများ ဆောက်လုပ်ထားရှိရမည့်အပြင် မြစ်ချောင်းများ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဖော်ဆောင်ခြင်းနှင့် အခြားလိုအပ်သည့် ကာကွယ်ထိန်းသိမ်းမှုများ ဖော်ဆောင်ခြင်းများကို ဆိုလိုသည်။

# ၆။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ဆိုင်ရာ မူဝါဒများ (မူကြမ်း)






## နောက်ခံသမိုင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇-၁၈ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)[29] နှင့် ဒုက္ခသည်များ (Refugees) ဆိုင်ရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှ ကိုယ်စားလှယ်များ နီးနောတိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသောမူဝါဒအကြံပြုချက်များကို EAOs အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs၊ CBOs မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ မှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထို့သို့ကွင်းဆင်းမှုပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ဖြည့်စွက်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှား ဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs၊ EPPs မှ ခေါင်းဆောင်များ၊ ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒများ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့်တိုင်းများရှိ NLD၊ USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် နီးနောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်းတွင် ပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြည်နယ်များနှင့် တိုင်းများမှ ရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

နှစ်ပေါင်း (၇၀) နီးပါးဖြစ်ပွားနေသည့် ပြည်တွင်းစစ်အနိဋ္ဌာရုံ၊ သဘာဝဘေးနှင့် အခြား ပြည်တွင်းပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ[30] (IDPs) နှင့် ဒုက္ခသည်များ (Refugees) ယနေ့တိုင် နေရပ်မပြန်နိုင်ဘဲ နယ်စပ်တစ်လျှောက်

[29] *Internally Displaced Persons*

[30] ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ဆိုသည်မှာ မိမိနေရပ်ဌာနေကို စွန့်ခွာတိမ်းရှောင်နေရသော တိုင်းရင်းသားလူမျိုးများဆိုလိုသည်။

သိန်းနှင့်ချီသော Refugees များနှင့် IDPs များ ကိစ္စကို အစိုးရအဆက်ဆက်က တာဝန်ယူဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် ၎င်းတို့၏အခြေအနေ ပိုမိုဆိုးရွားလာရာ မြန်မာပြည်၏ အဓိက အခြေခံလူမှုပြဿနာတစ်ခုအဖြစ် တည်ရှိနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားဒေသအသီးသီးရှိ IDPs နှင့် Refugees များသည် မိမိဆန္ဒအတိုင်း လုံခြုံစွာ မိမိတို့ပြန်လိုသည့် မူရင်းဒေသသို့ ပြန်လည်နေထိုင်ရန်၊ အခြားအဖွဲ့အစည်း (သို့) အုပ်စုများ ခေါင်းပုံဖြတ်မှု မပြုနိုင်စေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန် နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ IDPs နှင့် Refugees ကိုယ်စားပြုအဖွဲ့များသည် IDPs များနှင့် Refugees များ အခြေအနေများကို အခြေခံပြီး မူဝါဒများ ချမှတ်ကြရမည် ဖြစ်သည်။

## ဦးတည်ချက်

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်း အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) သည် ၎င်းတို့အခွင့်အရေးအတွက် နိုင်ငံတကာစံချိန်နှင့်အညီ ရေရှည်တည်တံ့သည့် လူသားချင်းစာနာထောက်ထားမှု ရရှိရန်နှင့် ၎င်းတို့ဆန္ဒအတိုင်း မူရင်းဒေသသို့ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီ ပြန်လည်နေထိုင်ရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) အား

၁.၁။ ပြည်တွင်းအခြေအနေ ကောင်းမွန်လာသည်နှင့် ဂုဏ်သိက္ခာရှိစွာပြန်နိုင်ရန် မိမိတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ၎င်းတို့၏ မူရင်းဒေသသို့သော်လည်းကောင်း၊ ဆွေမျိုးရှိရာအရပ်ဒေသသို့သော်လည်းကောင်း၊ တာဝန်ရှိသူများ စီစဉ်ပေးသောနေရာများသို့လည်းကောင်း ပြန်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးရမည်။

၁.၂။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေကြောင်းဆိုင်ရာများ ထောက်ပံ့ရာတွင် ခွဲခြားဆက်ဆံမှုများ လုံးဝမပြုလုပ်ရ။

၂။ IDPs များနှင့် Refugees များအား အခြေချနေထိုင်ရန်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကြောင်း ပြုနိုင်ရန်အတွက် သင့်တော်သော မြေယာပိုင်ဆိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အခြားအလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးရမည်။

၃။ လူသားချင်းစာနာထောက်ထားမှုနှင့် လူမှုရေးရာဝန်ဆောင်မှုများကို IDPs များနှင့်

Refugees များ မိမိကိုယ် မိမိရပ်တည်နိုင်ရန် အနည်းဆုံး (၃) နှစ် ကူညီထောက်ပံ့ပေးရမည့်အပြင် ၎င်းတို့ကိုယ်တိုင် ရေရှည်ရပ်တည်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။ ၎င်းအပြင် အထူးအကူအညီလိုအပ်သူများအတွက် သီးသန့် အကူအညီ ဖော်ဆောင်ပေးရမည်။

၄။ လွတ်လပ်စွာသွားလာနိုင်ရေးနှင့် မည်သည့်လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းနှင့်မဆို တိုက်ရိုက်ဆက်သွယ်၍ အကူအညီရယူနိုင်ရမည်။ ထိုကဲ့သို့သော အကူအညီများသည် နိုင်ငံတကာစံချိန်စံနှုန်းအပြင် သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသည့် အကူအညီပေးခြင်းဆိုင်ရာ သတ်မှတ်ချက်မူဘောင်နှင့်အညီ ဖော်ဆောင်ရမည်။

## မူဝါဒအကြံပြုချက်များ

၁။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugess) ကို -

၁.၁။ စစ်မှန်သောငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်မှု ရရှိပြီးမှသာလျှင် နေရပ်သို့ ပြန်လည်နေရာချထားရေး ဆောင်ရွက်ရမည့်အပြင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းလက်နက်ကိုင်အဖွဲ့ အစည်းများမှ ၎င်းတို့အား လုံခြုံစိတ်ချမှု အာမခံချက် အပြည့်အဝပေးရမည်။

၁.၂။ အပိုဒ် (က) ပါ အခြေအနေသို့မရောက်ရှိမီ ကြားကာလ၌ မိမိဆန္ဒအရ နေရပ်ပြန်လိုသူများသည် ပြန်လည်အခြေချရန် လိုအပ်ချက်များအတွက် နိုင်ငံတကာလူ့အခွင့်အရေးအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ပံ့ပိုးကူညီမှုနှင့်အညီ သက်ဆိုင်တာဝန်ရှိသူများထံ အကူအညီရယူနိုင်ရမည်။

၂။ နေရပ်ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မှုဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံတကာအသိုင်းအဝန်းများ၊ IDPs များနှင့် Refugees များပါဝင်သော ကော်မတီများ၊ ဒုက္ခသည်အရေးဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများ မဖြစ်မနေ ပါဝင်ရမည်။

၃။ IDPs များ နှင့် Refugees များအား ပြန်လည်နေရာချထားရေးမူဘောင်များနှင့် အစီစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများမှ သက်ဆိုင်ရာဒေသနှင့် လျော်ညီမှုရှိပြီး နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၄။ နိုင်ငံတော်နှင့် သက်ဆိုင်ရာပြည်တွင်းပြည်ပအဖွဲ့အစည်းများအနေဖြင့် -

၄.၁။ IDPs များ နှင့် Refugees များအတွက် လိုအပ်သည့် အခြေခံလူမှု အဆောက်အအုံများနှင့် အခြားလိုအပ်သည့်အကူအညီများ ဖန်တီးပေးခြင်းနှင့် အာမခံရှိမှုများကို ဖန်တီးပေးရမည်။

၄.၂။ ထိုသို့ စီစဉ်ပေးရာတွင် ၎င်းတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် လူမှုအဖွဲ့အစည်းအင်္ဂါရပ်နှင့်အညီ စီစဉ်ဆောင်ရွက်ရမည်။

၅။ မိမိမူလနေထိုင်ခဲ့သောဒေသကို မပြန်နိုင်၊ မပြန်လိုပဲ ပြည်တွင်းရှိ အခြားတစ်နေရာရာသို့ နေထိုင်လိုသူများကို ပြန်လည်နေရာချမည့်နေရာသည် ရေရှည်တည်တံ့နိုင်မြဲသော လုပ်ကိုင်စားသောက်ရသည့်နေရာမျိုး ဖြစ်ရမည်။

၆။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) မှ -

၆.၁။ အကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ မိမိဆန္ဒ (သို့) မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်အရသော်လည်းကောင်း၊ မိမိမူလနေထိုင်ခဲ့သည့် ဒေသတွင် ပြန်လည်အခြေချနေထိုင်ရန် ဆန္ဒမရှိသူများအား၊ ပြန်လည်နေရာချထားမည့်နေရာသည် ရေရှည်တည်တံ့ခိုင်မြဲသော အလုပ်အကိုင်နှင့် အခြားအသက်မွေးဝမ်းကျောင်းပြုနိုင်သည့်နေရာမျိုး ဖြစ်ရမည်။

၆.၂။ ၎င်းတို့ကိုယ်တိုင် ထိုနေရာများကို လက်ခံအတည်ပြုရန် ကောင်းမွန်စွာ လေ့လာနိုင်ခွင့် ရှိရမည်။

၇။ IDPs များနှင့် Refugees များ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထူးဂရုပြုရမည့်အပြင် တပ်မတော်အပါဝင် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းများမဆို မြေမြှုပ်မိုင်းများကို ပြန်လည်ရှင်းလင်းရန်နှင့် ထပ်မံသုံးစွဲခြင်း မပြုရ။

၈။ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မိဘမဲ့များကလေးသူငယ်များအတွက် အထူးဝန်ဆောင်မှုလိုအပ်ချက်များကို လစ်လျူရှုခြင်းမပြုရန်နှင့် ထိုလိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။

၉။ နိုင်ငံတော်သည် -

၉.၁။ IDPs များနှင့် Refugees များ၏ ဒုက္ခသည်စခန်းများတွင် ရရှိထားသော ပညာရေးစနစ်များ၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း လက်မှတ်များကို အသိအမှတ် ပြုပေးရမည်။

၉.၂။ IDPs များနှင့် Refugees များ နေရပ်ပြန်လည်ရောက်ရှိချိန်တွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် အထူးအစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးရမည့်အပြင်ကျောင်းပညာရေးကိုစံချိန်စံနှုန်းပြည့်မီစွာအထူးဂရုပြုဆောင်ရွက်ရမည်။

၁၀။ နေရပ်ပြန်သူများအခြေချနေနိုင်ရန် နေရပ်ပြန်ရေးကော်မတီအသီးသီးမှ ဆောင်ရွက်ပေးသောမြေနေရာများတွင် ဆိုင်ရာဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး ပါဝင်ပတ်သက်သူအားလုံး သဘောတူအဆိုပြုသည့် မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ပြန်လည်နေရာချထားရေးအတွက် IDPs များနှင့် Refugees များ၏ဆန္ဒအရ မူလနေရာများတွင် ပြန်လည်နေရာချထားနိုင်ရန် ထိုနေရာများ၌ တပ်စခန်းများ၊ အခြားအခြေချနေထိုင်သူများရှိပါက ရုပ်သိမ်းခြင်းနှင့် ရွှေ့ပြောင်းပေးခြင်း ပြုရမည်။

၁၂။ IDPs များနှင့် Refugees များအားလုံးကို နိုင်ငံသားဖြစ်ခြင်းဥပဒေနှင့်အညီ သေချာစွာ စိစစ်ပြီး နိုင်ငံသားအဖြစ် အပြည့်အဝသတ်မှတ်၍ နိုင်ငံသားမှတ်ပုံတင်နှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ ထုတ်ပေးရမည်။

၁၃။ IDPs များနှင့် Refugees များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များအားလုံး အောင်မြင်ပြီးစီးသည်အထိ နိုင်ငံတကာအကူအညီပေးသည့် အဖွဲ့အစည်းများသည် ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး အထောက်အပံ့များ လုံလောက်စွာ ဆက်လက်ပေးရမည်။

၁၄။ နေရပ်ပြန်ရေးအစီအစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ရာတွင် ခေါင်းပုံဖြတ်ခြင်းအမျိုးမျိုးမှ လွတ်ကင်းရန်အပါအဝင် လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် ၎င်းကိုချိုးဖောက်ပါက အရေးယူဆောင်ရွက်ရန် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သော တရားဥပဒေစိုးမိုးသည့် ယန္တရားထားရှိရမည်။

၁၅။ Refugees များ နေရာပြန်လည်ချထားရေးအစီအစဉ် မစတင်မီ IDPs များကို ဦးစွာ စနစ်တကျ နေရာချထားပြီး ဖြစ်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် မိမိနေရပ်ရင်းသို့ မပြန်နိုင်သူများအတွက်လည်း သင့်လျော်သောနေရာ ချထားပေးရမည်။

၁၆။ IDPs များနှင့် Refugees များ ပြန်လည်အခြေချမည့်နေရာများတွင် ၎င်းတို့နှင့် ဒေသခံများအကြား တစ်ဦးနှင့်တစ်ဦးနားလည်မှုရှိရန် ပြုလုပ်ပေးရမည်။ ထို့အပြင် ပြန်လည်အခြေချနေထိုင်သူများကို လက်ခံသည့်ဒေသခံ ကျေးရွာပြည်သူများအား ထိခိုက်နစ်နာစေခြင်းမရှိသည့်အပြင် ၎င်းတို့ကိုလည်းအထောက်အကူပြုစေရမည်။

၁၇။ IDPs များနှင့် Refugees များ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးနစ်နာချက်များကို ကုသနိုင်မည့် နည်းလမ်းများနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များ အပြည့်အဝ လုပ်ဆောင်ပေးရမည်။

၁၈။ IDPs များ နှင့် Refugees များ ပြန်လည်အခြေချပြီးသည့်နောက်ပိုင်း ပြည်တွင်းနေရပ်စွန့်ခွာမှုထပ်မံ မဖြစ်ပွားစေရန် နိုင်ငံတော်အစိုးရ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက ၎င်းတို့နှင့်ကိုယ်ကျိုးစီးပွား

အရ ဆက်နွှယ်ပတ်သက်မှုရှိသော စီးပွားရေးလုပ်ငန်းရှင်ကြီးများအပါဝင် တာဝန်ယူရမည်။

၁၉။ IDPs များနှင့် Refugees များကို ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးအကောင်အထည်ဖော်ခြင်း အစီအစဉ်များအတွက် စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring and Evaluation) စနစ် ထားရှိရမည်။

၂၀။ IDPs များနှင့် Refugees များအတွက် ၎င်းတို့ မူရင်းစွန့်ခွာခဲ့သည့်မြေနေရာများ ပြန်လည်ရရှိပိုင်ခွင့် (သို့မဟုတ်) မူရင်းပြည်နယ်အတွင်းရှိ ပြန်လည်အစားထိုး မြေယာများ ရပိုင်ခွင့်ရှိရမည်။

၂၁။ IDPsများနှင့် Refugeesများ ထွက်ခွာခဲ့သော အိမ်ခြံမြေများ လယ်ယာမြေများတွင် ရွှေ့ပြောင်းဝင်ရောက်လာသူများ မရှိစေရန် ကာကွယ်ပေးရမည်။ ထိုနေရာများသို့ ပြည်တွင်းရွှေ့ပြောင်းဝင်ရောက်သူများရှိပါက ဖယ်ရှားပေးရမည်။

၂၂။ IDPs စခန်းများနှင့် Refugees စခန်းများမှ ပြန်လာမည့် အမျိုးသမီးများအား အကြမ်းဖက်မှု မဖြစ်ပွားရေး၊ လူကုန်ကူးမှုများမဖြစ်ပွားရေး၊ မြေမြှုပ်မိုင်းနှင့် အခြား လိုအပ်သည့်အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးရမည်။

၂၃။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့်ဆိုင်သော ဆုံးဖြတ်ချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ အချိုးကျ ပါဝင်ရမည်။

၂၄။ IDPs များ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့်ဆိုင်သော နစ်နာဆုံးရှုံးမှုများကို ပြန်လည်ကုစားပေးသည့်အပြင် သင့်တော်သော နစ်နာကြေးများ ပေးရမည်။

# ၇။ လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ မူဝါဒများ (မူကြမ်း)








# နောက်ခံသမိုင်း

ဤလုပ်သားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉-၂၀ ရက်နေ့များ၌ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသော လူသားချင်းစာနာထောက်ထားမှုအကူအညီဆိုင်ရာ မူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EAOs)မှခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှ ကိုယ်စားလှယ်များ နှီးနှောတိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသောမူဝါဒ အကြံပြုချက်များကို ၂၀၁၅ ခုနှစ်၊ မေလ ၃၀-၃၁ ရက်နေ့များတွင် EAOs အဖွဲ့အစည်းခေါင်းဆောင်များ၊ ကိုယ်စားလှယ်များမှ ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃-၂၄ ရက်နေ့များတွင် CSOs၊ CBOs ကိုယ်စားလှယ်များနှင့် ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ခဲ့သည်။ ထိုသို့ သုံးသပ်ပြင်ဆင်ဖြည့်စွက်၍ ရရှိလာသော မူကြမ်းကို EAOs အဖွဲ့အစည်းအသီးသီး အခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ မှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထို့သို့ ကွင်းဆင်းမှုပြုလုပ်ပြီး ရရှိလာသော ပြင်ဆင်ဖြည့်စွက်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs၊ EPPs ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒများ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့်တိုင်းများရှိ NLD၊ USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် နှီးနှောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့် တိုင်းများမှ ရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရန် မြန်မာနိုင်ငံ၏ အခြေအနေနှင့်မူဝါဒများကို သုံးသပ်ရာတွင် အစိုးရသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ မူဘောင်များချမှတ်၍ ထောက်ပံ့ကူညီရေးအစီအစဉ်ကို နေပြည်တော်မှ ချုပ်ကိုင်ကျင့်သုံးလျက်ရှိရာ၊ အကျိုးဆက်အဖြစ် တိုင်းရင်းသားနယ်မြေအတွင်း မြန်မာ့တပ်မတော် အင်အားတိုးချဲ့လာခြင်း၊ သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူမှုနှင့် မြေယာလုယက်မှုများ တိုးမြင့်လာခြင်းကို ဦးတည်စေပါသည်။ အကူအညီပေးမှု အစီအစဉ်များသည် တိုင်းရင်းသားများ၏ တည်ရှိပြီးသော အခြေခံလူမှုအဆောက်အအုံနှင့် လူမှုဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်နစ်နာစေပါသည်။ အစိုးရမှချမှတ်ထားသော အကူအညီပေးခြင်း အစီအစဉ်များသည် ဒေသခံပြည်သူတို့၏ ဘဝတိုးတက်ဖွံ့ဖြိုးမှုတွင် ပြည်သူများကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ကို လျစ်လျူရှုစေပါသည်။ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အုပ်ချုပ်ရေးအပိုင်းများတွင် စိုးမိုးခြယ်လှယ်လာခြင်းကြောင့် ဒေသအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မဖြစ်နိုင်ခြင်း၊ စွမ်းရည်မြှင့်တင်ရေး မရှိခြင်း၊ ဒေသဦးဆောင်မှုအပိုင်း အားနည်းခြင်းနှင့် တည်တံ့ခိုင်မြဲသည့် လူသားချင်းစာနာထောက်ပံ့မှု မဖြစ်ခြင်းတို့ကို ဖြစ်ပေါ်လာစေသည်။ အကူအညီပေးရေးအစီအစဉ်များသည် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများနှင့် ဝိသေသလက္ခဏာများ ကာကွယ်ထိန်းသိမ်းထားခွင့်ကိုလည်း လျစ်လျူရှုစေသည်။ ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်နှင့် လျော်ညီသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာမူဝါဒများ ချမှတ်၍ အကောင်အထည်ဖော်သွားရန် အထူးလိုအပ်ပေသည်။

## ဦးတည်ချက်

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုစနစ်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များသည် တည်ရှိပြီးသော တိုင်းရင်းသားများ၏ လူမှုရေး အဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို အားကောင်းလာစေရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ် (ကြားကာလ) အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများသည် စစ်မှန်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်လာမှုနှင့် သဟဇာတရှိသည့်မူကို အခြေခံရမည်။

၂။ နိုင်ငံတကာကူညီပံ့ပိုးမှုများသည် ဒေသခံတိုင်းရင်းသား ပြည်သူလူထု၏သဘောထားဆန္ဒနှင့်အညီ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုရှိသည့်မူကို အခြေခံရမည်။

၃။ လူသားချင်းဆိုင်ရာစာနာထောက်ထားမှု လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာခြင်းမရှိသော (Do No Harm Principle) မူကို အခြေခံရမည်။

## မူဝါဒအကြံပြုချက်များ

၁။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ မိမိတို့အုပ်ချုပ်ရေးနယ်မြေများအတွင်း အောက်ပါအချက်များကို သေချာစွာထားရှိရမည်။

၁.၁။ လူသားချင်းစာနာထောက်ထားရေး ကူညီထောက်ပံ့မှုဆိုင်ရာ အစီအစဉ်များကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs)၊ ဒေသခံတိုင်းရင်းသား ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသား လူထုအခြေပြုအဖွဲ့အစည်းများ ပူးပေါင်းရေးဆွဲပြီး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရမည်။

၁.၂။ ပြင်ပအေဂျင်စီများနှင့် အလှူရှင်များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများအပါအဝင် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သဘောတူညီချက်စာချုပ် ရေးထိုးပြီးမှသာ ဒေသခံလူထုများအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ အပါအဝင် ဒေသခံတိုင်းရင်းသားများ ကိုယ်တိုင်ကိုယ်ကျစီမံခန့်ခွဲ လုပ်ဆောင်နေသည့် အစီအစဉ်များ၊ နယ်စပ်ဖြတ်ကျော်အကူအညီများကို ကူညီထောက်ပံ့မှုပြုရမည်။

၁.၃။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အုပ်ချုပ်ရေးနယ်မြေအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများကို လိုက်နာရမည်။

၁.၄။ အထက်ပါ မူဝါဒများကိုဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားရေး ကူညီထောက်ပံ့မှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် ထိရောက်မှုရှိစေရန် ဖော်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ချမှတ်ထားရမည်။

၂။ ထိခိုက်နစ်နာခြင်းမရှိသော (Do No Harm Principle) အခြေခံမူဝါဒများတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှု ရှိစေရန်အတွက် လိုအပ်သည့် အချက်အလက်များကို ဆက်လက်ထည့်သွင်းသွားရမည်။

၃။ ပြန်လာမည့်စစ်ပြေးဒုက္ခသည်များ (Refugees) နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) သည် ၎င်းတို့ပိုင်မူလမြေများကို ပြန်လည်ပိုင်ဆိုင်ခွင့် ရရှိစေ

ရန်နှင့် မူလမြေမရှိသူများအတွက် အိမ်၊ ခြံမြေနေရာများနှင့် စိုက်ပျိုးရေးမြေများစီစဉ်ဆောင်ရွက်ပေးရမည်။ အကြောင်းအမျိုးမျိုးကြောင့် မူလပိုင်မြေများကိုပြန်လည်ပိုင်ဆိုင်ခွင့် မရရှိနိုင်ပါက ကာလတန်းဖိုးနှင့်ညီမျှသော လျော်ကြေးငွေ (သို့မဟုတ်) အစားထိုးမြေနေရာ စီစဉ်ဆောင်ရွက်ပေးရမည်။ မူလမြေပြန်ရရှိရန် မဖြစ်နိုင်သူများအတွက် စဉ်းစားရန်လိုသည်။

၄။ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ သဘောတူညီမှုနှင့်အညီ လူသားချင်းစာနာထောက်ထားမှုအကူအညီအတွက် နိုင်ငံတော်အစိုးရ၊ ပြည်တွင်းနှင့်နိုင်ငံတကာ လူမှုအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို လွတ်လပ်စွာထောက်ပံ့နိုင်ခွင့်၊ ရယူပိုင်ခွင့်ရှိရန်နှင့် မကိုက်ညီသည့်ကန့်သတ်ချက်များကို ပယ်ဖျက်ရမည်။

၅။ လူသားချင်းစာနာထောက်ထားမှု ကူညီရေးများကို အထူးအကူညီလိုအပ်သော ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကျန်းမာရေးချို့တဲ့သူများအတွက် အထူးစီမံချက်များအဖြစ် ပံ့ပိုးပေးရမည်။

၆။ လူသားချင်းစာနာထောက်ထားမှု ကူညီရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိရမည်။ သို့သော် နိုင်ငံရေးအမြတ်ထုတ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီ မဖြစ်စေရ။

၇။ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိရမည်။

၇.၁။ နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုများကို ပြည်နယ်အစိုးရမှ တိုက်ရိုက်စီမံဆုံးဖြတ်ပိုင်ခွင့် ရှိရမည်။

၇.၂။ နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပြည်နယ်အစိုးရမှ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမှန်တကယ်အကူအညီလိုအပ်လျက်ရှိသူများထံသို့ ရာနှုန်းပြည့်ထောက်ပံ့မှုများကို ရရှိရန်စီစဉ်ပေးရမည်။ ထောက်ပံ့မှုများ ရာနှုန်းပြည့်ရမရ စစ်ဆေးရေးအဖွဲ့အစည်းကိုလည်း ဖွဲ့စည်းပေးရမည်။

၇.၃။ နေရပ်ပြန် ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးများကို ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ပြည်နယ်အစိုးရကသော်လည်းကောင်း၊ အထူးစီစဉ်ဆောင်ရွက်ပေးရမည်။

# ၈။ အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများ (မူကြမ်း)





## နောက်ခံသမိုင်း

ဤအခွန်ကောက်ခံခြင်းဆိုင်ရာမူဝါဒ (မူကြမ်း) သည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁-၁၂ ရက်နေ့၌ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသော အခွန်ကောက်ခံခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) ခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှ ကိုယ်စားလှယ်များ နီးနှောတိုင်ပင်ဆွေးနွေးပြီး ရရှိလာသော မူဝါဒအကြံပြုချက်များကို EAOs အဖွဲ့အစည်းအသီးသီးအခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ကွင်းဆင်းမှုပြုလုပ်ပြီးနောက် ရရှိလာသော ပြင်ဆင်ဖြည့်စွက်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့်ဆင်တူယိုးမှားဖြည့်စွက်ချက်များကို ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs၊ EPPs မှ ခေါင်းဆောင်များ၊ ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသောမူဝါဒ(မူကြမ်း) များဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ်ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့် တိုင်းများရှိ NLD နှင့် USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့်နီးနှောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်းတွင် ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့်တိုင်းများမှ ရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကိုစုစည်း၍ ကွဲပြားသည့် ဖြည့်စွက်ချက်များနှင့် ဆင်တူရိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

အခွန်ကောက်ခံခြင်းဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေနှင့် မူဝါဒများကိုသုံးသပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုမရှိခြင်း၊[31] အဂတိလိုက်စားမှုရှိနေခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် ဗဟို

[31] ဥပမာ - ဦးပိုင်အပြင် တခြားနိုင်ငံတော်ပိုင် ကုမ္ပဏီများ၊ အခြားအဖွဲ့အစည်းများ မည်သို့သော စာချုပ်နှင့်ခွင့်ပြုသည်ကိုအများပြည်သူသို့ ချပြမှုမရှိခြင်းနှင့် ပြည်နယ်မှရသည့်အခွန်ဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးကို ထိရောက်စွာမဆောင်ရွက်ခြင်း။

အစိုးရ အကြား အာဏာခွဲဝေမှုမညီမျှခြင်း၊[32] ဗဟိုနှင့်ပြည်နယ်အကြား တိကျရှင်းလင်းသော စည်းမျဉ်းစည်းကမ်း ဥပဒေမရှိခြင်း၊ ပြည်နယ်နှင့်ဒေသန္တရအဆင့် အခွန်စည်းကြပ်ကောက်ခံသော ယန္တရားမရှိခြင်း စသည့်အခြေအနေတို့သည် မြန်မာနိုင်ငံ၏အခွန်ကောက်ခံခြင်းဆိုင်ရာ မူဝါဒများနှင့် ယန္တရားတစ်အုံလုံးကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်။

ထို့ကြောင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များအပါအဝင်အစိုးရယန္တရားတစ်စုံလုံးကို အခွန်ကောက်ခံခြင်းအတွက် ဤမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။

## ဦးတည်ချက်

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကျသည့် အခွန်စည်းကြပ်မှုစနစ်တစ်ရပ်ကို ဖော်ဆောင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု အစိုးရ၊ ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများအကြား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် ခွဲဝေသုံးစွဲပိုင်ခွင့်အာဏာကိုရှင်းရှင်းလင်းလင်းခွဲခြားထားသည့်စနစ် ဖြစ်ပေါ်လာစေရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ အခွန်ဆိုင်ရာစည်းကြပ်ခွင့်ကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများကြားတွင် ဖက်ဒရယ်မူကိုအခြေခံပြီး ဥပဒေများကို သီးခြားပြဋ္ဌာန်းရမည်။

၂။ အခွန်ဥပဒေမူကြမ်းကို တင်သွင်းသူများသည် တိုင်းရင်းသားပြည်သူလူထုမှ ရွေးကောက်တင်မြှောက်လိုက်သူများ ဖြစ်ရမည်။

၃။ ကောက်ခံရရှိသည့် အခွန်ငွေများကို ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရမည်။

၄။ အခွန်စည်းကြပ်ရာတွင် အဂတိလိုက်စားမှုများ မရှိစေရ။

၅။ ဝင်ငွေအနည်းအများအပေါ်အခြေခံသော အခွန်ကောက်ခံမှု (Progressive Taxation) ပေါ် အခြေခံပြီး အခွန်ဆိုင်ရာဥပဒေ ရေးဆွဲရမည်။

၆။ အခွန်ကောက်ခံမှုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ရှိရမည်။

[32] ဥပမာ - ယခုလက်ရှိအချိန်တွင် အခွန်အကောက်နှင့်ပတ်သက်ပြီး ဗဟိုမှထိန်းချုပ်မှုအာဏာကိုသာ ဦးစားပေးနေပြီး ပြည်နယ်/တိုင်းဒေသကြီးများ၏ အခွန်ကောက်ခံမှုစနစ်နှင့် အာဏာခွဲဝေမှုလုံးဝမရှိပါ။

၇။ အခွန်ဘဏ္ဍာငွေများအား သုံးစွဲရာတွင် မျှတ၍ မှန်ကန်ထိရောက်စွာ သုံးစွဲရမည်။

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ ကြားကာလတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများသည် မိမိတို့သက်ဆိုင်ရာနယ်မြေတွင် အခွန်စည်းကြပ်ခြင်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ရမည်။

၂။ ပြန်လည်ထူထောင်ရေးကာလတစ်ခုသတ်မှတ်ပြီး ပြည်နယ်မှကောက်ခံရရှိသည့်အခွန်ငွေ၏ ၆၀% မှ ၈၀% ရာခိုင်နှုန်းကို သက်ဆိုင်ရာပြည်နယ်တွင်ရှိသော ပြန်လည်ထူထောင်မည့်ဒေသအတွက် သုံးစွဲမည်။

၃။ ယခင်စီမံကိန်းများမှရရှိသည့် အခွန်များထဲမှ အနည်းဆုံး ၆၀% ကို သက်ဆိုင်ရာပြည်နယ်မှ ခံစားပိုင်ခွင့်ရှိရမည်။

၄။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ မိမိတို့၏ သက်ဆိုင်ရာနယ်မြေတွင် အခွန်စည်းကြပ်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ ပြည်နယ်အစိုးရများနှင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရအကြားတွင် မျှတမှုရှိသော အခွန် ငွေကောက်ခံခြင်းနှင့် ပြန်လည်ခွဲဝေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေများကို ရေးဆွဲသတ်မှတ်ရမည်။

၂။ အခွန်စည်းကြပ်ရာတွင် အဂတိလိုက်စားမှုများကို ထိရောက်စွာတိုက်ဖျက်မည့်ဥပဒေနှင့် ယန္တရား ထားရှိရမည်။

၃။ ပြည်နယ်အစိုးရအောက်တွင်ရှိသော အခွန်ဆိုင်ရာအစိုးရဌာနကို ဥပဒေအရ ထိရောက်စွာ စောင့်ကြည့်အရေးယူနိုင်သည့် အဖွဲ့အစည်းကို အခွန်ဆိုင်ရာအစိုးရဌာနအောက်တွင်မဟုတ်ပဲ လွတ်လပ်စွာထားရှိရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် ကောက်ခံရရှိသည့် အခွန်ပမာဏနှင့် ထိုအခွန်များအား ကဏ္ဍအလိုက် သုံးစွဲသည့်ပမာဏကို တိုင်းရင်းသားပြည်သူလူထုက သိရှိပိုင်ခွင့်ရှိရမည်။

၅။ အခွန်နှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်း၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို လူထုအလွယ်တကူ သိရှိနိုင်မည့်နည်းလမ်းကို အသုံးပြုရမည်။

၆။ ပြည်နယ်အလိုက် သီးခြားအခွန်စည်းကြပ်ရန်ဌာနနှင့် အခွန်ငွေထိန်းသိမ်းရန် ဘဏ် (စာရင်း) များ ဖွင့်လှစ်ထားရှိရမည်။

၇။ ပြည်နယ်အဆင့်တွင် ပြည်နယ်အစိုးရမှ ပြည်နယ်တွင်းတန်ဖိုးရှိသော စွမ်းအင်၊ တွင်းထွက်သယံဇာတ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်အပါအဝင် အဖိုးတန်သစ်များအပေါ် လွတ်လပ်စွာ အခွန်များသတ်မှတ်ခွင့်နှင့် တိုက်ရိုက်ကောက်ခံခွင့် ရှိရမည်။ ကောက်ခံရရှိသည့် အခွန်ငွေများကို ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် စနစ်တကျသုံးစွဲရမည်။

၈။ ထိုသို့အခွန်ဥပဒေများကို ပြဌာန်းရာတွင် အတည်ပြုပြဌာန်းခြင်းမပြုမီ သက်ဆိုင်ရာတိုင်းရင်းသားပြည်သူလူထုနှင့် အခွန်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းကာ သဘောထားရယူပြီး အခွန်ဥပဒေကြမ်းကို ရေးဆွဲရမည်။ ဖြည့်စွက်ပိုင်ဆိုင်မှုကို ထုတ်ပြန်ကြေညာခြင်းဆိုင်ရာအချက်အလက်များကို ဥပဒေတွင် ထည့်သွင်းရေးဆွဲရန် လိုအပ်ပါမည်။

၉။ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများကို စနစ်တကျ ချမှတ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် တိုက်ရိုက်သက်ဆိုင်သော ဝင်ငွေခွန်နှင့် အမြတ်ခွန်ကို သင့်တော်သော ရာခိုင်နှုန်းဖြင့် ကောက်ခံရမည်။

၁၀။ မြေခွန်များကို မြေပိုင်ဆိုင်မှုအနည်းအများအလိုက် စည်းမျဉ်းတိကျစွာ သတ်မှတ်ပြီး တိုးမြှင့်ကောက်ခံရမည်။

၁၁။ ရိုးရာဓလေ့ပိုင်မြေများကို မြေခွန်ကင်းလွတ်ခွင့်ပြုရမည်ဖြစ်ပြီး ၎င်းမြေအသုံးပြုပြီး ရရှိသော ဝင်ငွေပေါ်တွင် အခြေခံပြီး အခွန်ကောက်ရမည်။

၁၂။ စီးပွားရေးလုပ်ငန်းများအတွက် မြေယာခွန်နှင့်သီးနှံခွန်များအပြင် အမှန်တကယ်မလုပ်ကိုင်၊ အသုံးမချသော (ပလပ်ထားသော) မြေယာများအပေါ် သီးခြားစည်းကြပ်ခွန် ကောက်ခံရမည်။

၁၃။ မြေယာမှန်ကန်စွာ ပိုင်ဆိုင်မှုအပေါ် အစိုးရမှ မြေယာအငှားချထားမှု (မြေဂရမ်) များကို အခမဲ့ပေးအပ်ရမည်။

၁၄။ ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိသည့်အခွန်များကို ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်အပေါ်အခြေခံ၍ မျှတစွာခွဲဝေသုံးစွဲရမည်။ (Equalization Payment ကို ရည်ညွှန်းသည်)။

၁၅။ ပြည်နယ်စည်းကြပ်ခွန်၊ ဗဟိုစည်းကြပ်ခွန် ခြားနားချက်များအရေးကြီးမှု၊ အခွန်ကောက်ခံခြင်းနှင့် ပတ်သက်၍ ပြည်သူလူထုသိရှိပြီး ပူးပေါင်းပါဝင်မှု ရှိလာစေရန် ထိရောက်စွာ အသိပညာပေးရမည်။

၁၆။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အချို့လုပ်ငန်းရှင်များအား အခွန်ကင်းလွတ်ခွင့်/အခွန်သက်သာခွင့်ကို ကာလအတိုင်းအတာတစ်ခု သတ်မှတ်ပေးရမည်။

၁၇။ လူတိုင်း ပိုင်ဆိုင်မှုနှင့် ဝင်ငွေများကို မှန်ကန်စွာ တင်ပြနိုင်အောင် လုပ်ဆောင်ရမည်။

# ၉။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ (မူကြမ်း)





## နောက်ခံသမိုင်း

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ (မူကြမ်း)သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) မှ စီစဉ်ကျင်းပသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) မှ ခေါင်းဆောင်များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ (EPPs) မှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့် လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) မှ ကိုယ်စားလှယ်များ နှီးနှောတိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသောမူဝါဒအကြံပြုချက်များကို EAOs အဖွဲ့အစည်းအသီးသီးအခြေစိုက်ရာဒေသများသို့ ENAC မှ သွားရောက်ပြီး ၎င်းအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသအတွင်းရှိ CSOs ၊ CBOs ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအတွင်း ပြုလုပ်ခဲ့ပါသည်။ ထို့သို့ကွင်းဆင်းမှုပြုလုပ်ပြီး ရရှိလာသော ပြင်ဆင်ချက်များကို ENAC မှ စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့်ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် EAOs၊ EPPs ခေါင်းဆောင်များနှင့် ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့် ၂၀၁၆ ခုနှစ်၊ မေလ ၂၉-၃၀ နေ့ရက်များတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒ (မူကြမ်း) များ ဖြစ်ပါသည်။

ထိုမူဝါဒအကြံပြုချက် (မူကြမ်း) များကို ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စာအုပ်အဖြစ် ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ပြည်နယ်များနှင့် တိုင်းများရှိ NLD၊ USDP ခေါင်းဆောင်များ၊ EPPs ခေါင်းဆောင်များ၊ CSOs၊ CBOs ကိုယ်စားလှယ်များနှင့် နှီးနှောဆွေးနွေးသုံးသပ်ပြင်ဆင်ဖြည့်စွက်မှုများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ပြည်နယ်များနှင့် တိုင်းများမှရရှိလာသော ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို စုစည်း၍ ကွဲပြားသည့်ဖြည့်စွက်ချက်များနှင့် ဆင်တူယိုးမှားဖြည့်စွက်ချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် EAOs ခေါင်းဆောင်များ၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) ခေါင်းဆောင်များ၊ CWGs အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေသည် ဒေသခံပြည်သူလူထုအတွက် အကျိုးမရှိပါ။ အထူးသဖြင့် နိုင်ငံခြားနှင့်ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာသည့် လယ်ယာမြေသိမ်းဆည်းမှုပြဿနာများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးရွားစွာဖြစ်ပေါ်လျက် ရှိပါသည်။ အကျိုးဆက်အဖြစ် တိုင်းရင်းသားလူမျိုးများအကြား ပဋိပက္ခများ ပိုမိုဆိုးရွားလာခြင်း၊ တိုင်းပြည်၏

အချုပ်အခြာအာဏာကို ထိပါးလာစေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ တော်လှန်ရေးဂုဏ်သိက္ခာထိခိုက်၍ လူထုထောက်ခံအားပေးမှုလည်း ကျဆင်းစေသည့်အခြေနေသို့ တွန်းပို့နေပေသည်။

လက်ရှိကုန်သွယ်ရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုအတွက်ပြဋ္ဌာန်းသည့်မူဝါဒများနှင့် ဥပဒေများ ချမှတ်ရာတွင် တိုင်းရင်းသားပြည်သူလူထု၏အသံများ လျစ်လျူရှုခံထားရသည် သာမက စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရာတွင် ဒေသခံပြည်သူလူထု များနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်မှု မရှိပေ။

ထို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုများကို အကျိုးပြုသည့်အပြင်တိုင်းပြည် ၏ (GDP) နှင့် လူမှုဖူလုံရေးကို အထောက်အကူပြုသော ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်နှင့်လျော်ညီစွာ ချမှတ်အကောင် အထည်ဖော်ရန် လိုအပ်ပေသည်။

## ဦးတည်ချက်

ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုစနစ်အောက်တွင် တရားမျှတမှုရှိသော ကုန် သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစနစ်ကို အခြေခံပြီး တိုင်းရင်းသားပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်နိုင်ရန် မျှတစွာ အကျိုးခံစားခွင့်ရှိသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ် နှံမှုမူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် မှုကို အခြေခံရမည်။

၂။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသည့် မှုကို အခြေခံရမည်။

၃။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိသောမှုကို အခြေခံရမည်။

၄။ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု မူဝါဒများချမှတ်ရာတွင် အသေးစား (မိသားစုတစ် နိုင်တစ်ပိုင်) လုပ်ငန်းများကို ကာကွယ်ပေးသည့်မူဝါဒများ ပါဝင်ရမည်။

၅။ ဒေသခံတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လူထုပိုင်ဆိုင်မှုကို အသိအမှတ်ပြု လေးစားလိုက်နာမည့်မှုကို အခြေခံရမည်။

၆။ နိုင်ငံခြားသို့ ကုန်ချောတင်ပို့ရေးနှင့် ပြည်တွင်းဖူလုံရေးကို ဦးစားပေးသောမှုကို အခြေခံရမည်။

၇။ ရင်းနှီးမြှုပ်နှံမှုမူဝါဒ ချမှတ်ရာတွင် လူသားအရင်းအမြစ် (Human Resource) ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ စက်မှုဖွံ့ဖြိုးရေး၊ သံယံဇာတနှင့် အခြားစီးပွားရေးကဏ္ဍတို့ကို ဦးစားပေးသည့်မူကို အခြေခံရမည်။

၈။ ဒေသခံတိုင်းရင်းသားများ ရေရှည်ကျန်းမာရေးနှင့် လူမှုရေးကို ထိခိုက်နိုင်သော ကုန်ပစ္စည်းများ ကန့်သတ်ရေးကို အခြေခံရမည်။

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ ကြားကာလတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် နိုင်ငံရေးဆွေးနွေးမှုများကို အထောက်အကူပြုစေရန်အတွက် လက်ရှိဒေသအခြေအနေနှင့် မကိုက်ညီသော အကြီးစားစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဆိုင်းငံ့ကာလအဖြစ် သတ်မှတ်ပြီး ပြန်လည်သုံးသပ်ရမည်။

၂။ ကြားကာလတွင် ပြည်တွင်းစီးပွားရေးရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများ (Domestic Investment Laws and Foreign Direct Investment Laws) ကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနှင့် ကိုက်ညီ၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းရမည်။ ၎င်းဥပဒေနှင့်မကိုက်ညီသော ယခင်ရင်းနှီးမြှုပ်နှံမှုများနှင့် စီမံကိန်းများကို ပြန်လည်သုံးသပ်ရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ ချမှတ်ရာနှင့် ဆုံးဖြတ်ချက်ချရာတွင် လုပ်ငန်းစားအလွှာအသီးသီးနှင့် ဒေသခံဌာနေတိုင်းရင်းသားလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ရှိရမည်။

၂။ ပြည်နယ်တွင် အကြီးစားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ သီးခြားသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်း၍သော်လည်းကောင်း ဆုံးဖြတ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရရှိစေရေးကို အာမခံချက်ပေးရမည်။

၃။ ပြည်နယ်အစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးခံစားခွင့် ခွဲဝေနိုင်ရေးအတွက် လုပ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးအမြတ်ခံစားပိုင်ခွင့်ဆိုင်ရာများကို စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်နှင့်အညီ ခွဲဝေပေးသည့် တိကျသည့်ဥပဒေရှိရမည်။

၄။ ပြည်နယ်အစိုးရမှ ၎င်းပြည်နယ်၏ဖွံ့ဖြိုးရေးကို ထိရောက်စွာဖော်ဆောင်ရာတွင်

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်အခစည်းကြပ်ကောက်ခံခွင့်၊ ထိန်းသိမ်းခွင့်နှင့် စီမံပိုင်ခွင့်ရှိရမည်။

၅။ လက်တွေ့အကောင်အထည်ဖော်ရာတွင် ဒေသအလိုက် ဓလေ့ထုံးတမ်းဥပဒေများကို လေးစားလိုက်နာရမည်။

၆။ ပြည်တွင်းထုတ်ကုန်နှင့် ကုန်စည်များကို (ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ) သက်ဆိုင်ရာပြည်နယ်အစိုးရမှ လွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်[33] ကုန်သွယ်ခွင့်ရှိရမည်။ ထိုနည်းတူ ပြည်နယ်အတွက်လိုအပ်သော နိုင်ငံခြားသွင်းကုန်ပစ္စည်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ လွတ်လပ်စွာ ဝယ်ယူတင်သွင်းခွင့် ရှိရမည်။ သွင်းကုန်/ထုတ်ကုန်နှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့်နှင့် ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်များအတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရမည်။

၇။ မိမိပြည်နယ်/တိုင်းမှ ထွက်ရှိသော သယံဇာတ (သစ်နှင့်တွင်းထွက်) ပစ္စည်းများကို နိုင်ငံခြားသို့ ကုန်ချောပို့ကုန်အဖြစ်သာ ပြုလုပ်ရန် ဥပဒေရေးဆွဲပြဋ္ဌာန်းရမည်။

၈။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမှ ကောက်ခံရရှိသော ဘဏ္ဍာငွေများအား သုံးစွဲရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ အသုံးပြုရမည်။

၉။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ဥပဒေများနှင့် မူဝါဒများ (Investment Laws and Policies Impact Assessments) ကို သက်ဆိုင်ရာ ဝန်ထမ်းများအား ထိထိရောက်ရောက် တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ဒေသခံပြည်သူများအား အသိအမြင် (Awareness) ဖွင့်ပေးရမည်။

၁၀။ တိုင်းရင်းသားပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည့်အပြင် အခြေခံလူတန်းစားများ၏ လုပ်အားအရင်းအမြစ်များကို ပြည့်ဝစွာအသုံးချနိုင်ရေးအတွက် စီစဉ်ပေးရမည်။ ယင်းသို့ စီစဉ်ပေးရာတွင် ဒေသခံအသက်မွေးဝမ်းကြောင်းမှုများကို မထိခိုက်စေရန်နှင့် ရေရှည်ဖွံ့ဖြိုးသည့်အကျိုးစီးပွား ဖြစ်ထွန်းစေရမည်။

၁၁။ တိုင်းရင်းသားလူထု လူတန်းစားအသီးသီးအတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME)[34] ကို ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်သွားရမည်။

၁၂။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) ကိုပံ့ပိုးမည့်အစီအစဉ်များ ထိရောက်စွာ ဆောင်ရွက်ပေးရန် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ခေတ်မီနည်းပညာရပ်များ၊ ငွေကြေးရန်ပုံငွေများနှင့် ဘဏ်စနစ်များ ထားရှိရမည်။

[33] နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသော အကောက်အခွန်လွတ်၍ "လွတ်လပ်စွာကုန်သွယ်ခွင့် (Free Trade)"ကို ဆိုလိုခြင်းမဟုတ်ပဲ ၎င်းပြည်နယ်အစိုးရမှ ကုန်သွယ်ရေးအတွက်လွတ်လပ်စွာ စီမံခန့်ခွဲဆုံးဖြတ်ပိုင်ခွင့် (Economic Para Diplomacy) ကို ဆိုလိုသည်။ ထို့ကြောင့် "လွတ်လပ်စွာကုန်သွယ်ခွင့် (Free Trade)" ကို ဖော်ဆောင်ခြင်းသည်လည်း ၎င်းသက်ဆိုင်ရာပြည်နယ်အစိုးရ၏ လက်ဝယ်တွင်သာရှိခြင်းကို ဆိုလိုသည်။

[34] အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium-sized Enterprises)။

၁၃။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများကို ပိုမို လုပ်ဆောင်သွားရမည်။ ၁၄။ဆက်သွယ်ရေးနည်းပညာများနှင့်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်နယ်သားများပါဝင်ဆောင်ရွက်နိုင်ရန် အကာအကွယ်ပေး မြေတောင်မြှောက်ပေးရမည်။

၁၅။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော သုတေသနလုပ်ငန်းများကို ပြည်ထောင်စုအစိုးရမှ မဖြစ်မနေ ဖော်ဆောင်ပေးရမည်။

၁၆။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စက်မှုစီးပွားရေးစနစ် ပိုမိုကောင်းမွန်လာအောင် ပြည်ထောင်စုအစိုးရမှ ဖော်ဆောင်ပေးရမည်။

၁၇။ အခြေအနေပေးသည့်ဒေသများတွင် ၎င်းဒေသနှင့်ကိုက်ညီသည့် အကြီးစားစက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

၁၈။ ပြည်တွင်းထုတ်ကုန်များအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးတို့မှ လိုအပ်သော ဈေးကွက်များ ရှာဖွေပေးရမည်။

၁၉။ ကုန်သွယ်ရေးကို ထိရောက်စွာ လုပ်ကိုင်နိုင်ရန် ရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် သက်ဆိုင်သည့် သတင်းနှင့်နည်းပညာများ၊ အခြေခံအဆောက်အအုံများကို ဖန်တီးပေးရမည်။

၂၀။ စီးပွားရေးလုပ်ငန်းများ၏ လူမှုဘဝအပေါ် တာဝန်ယူမှုကို စီးပွားရေးရင်းနှီးမြှုပ်နှံမှု မစတင်မီ ယင်းဒေသရှိ တိုင်းရင်းသားလူထုကို ကနဦး အသိပေး၍ သဘောတူညီမှု ရယူပြီး ဥပဒေများနှင့်အညီ လုပ်ဆောင်ရမည်။

၂၁။ ဖွံ့ဖြိုးမှုနည်းသော တိုင်းရင်းသားဒေသများအတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် အခွင့်အလမ်းပေးခြင်း (Capacity Building and Empowerment) တို့ကို ဦးစားပေးလုပ်ကိုင်နိုင်ရန် အဖွဲ့အစည်း (သို့) ကော်မတီတစ်ခုဖွဲ့စည်းရမည်။ ထိုအဖွဲ့အစည်း (သို့) ကော်မတီသည် ဆိုင်ရာဒေသခံများ၊ ခေါင်းဆောင်များ၊ ပညာရှင်များပူးပေါင်းဆောင်ရွက်ခွင့်ရှိသည့်ကော်မတီ ဖြစ်ရမည်။

၂၂။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများကို ဆန်းစစ်သည့်လုပ်ငန်းစဉ်များနှင့် အရေးယူကိုင်တွယ်ဖြေရှင်းသည့်လုပ်ငန်းစဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်မှုနှင့် ညှိနှိုင်းတိုင်ပင်မှုများ လုပ်ဆောင်သွားရမည်။

၂၃။ စီမံကိန်းများအကောင်အထည်ဖော်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုရှိ/မရှိ ဆန်းစစ်ခြင်း (EIA)၊ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိဆန်းစစ်ခြင်း (SIA)၊ ကျန်းမာရေးဆိုးကျိုး သက်ရောက်မှုရှိ/မရှိဆန်းစစ်ခြင်း (HIA)၊ လူ့အခွင့်အရေးများအပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (HRIA)၊[35] စီးပွားရေးလုပ်ငန်းများ၏လူမှုဘဝအပေါ် တာဝန်

ယူမှု [ဥပမာ - ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများကိုလိုက်နာခြင်း (CSR)[36]] သစ်တောဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း [ဥပမာ - တရားမဝင် သစ်ထုတ်လုပ်ရောင်းချခြင်းကို ကာကွယ်ရန် ကောင်းမွန်သောသစ်တောနှင့် ကုန်သွယ်ရေး ဥပဒေများကို ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်း (FLEGT)[37]] စီးပွားရေး ရင်းနှီးမြှုပ်နှံမှုမစတင်မီ ယင်းဒေသရှိ တိုင်းရင်းသားပြည်သူလူထုကို ကနဦး အသိပေး၍ လွတ်လပ်စွာ ကြိုတင်အသိပေးခြင်းနှင့် သဘောတူညီမှုရယူခြင်း (FPIC)[38] စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ဆောင်ရမည်။

၂၄။ အကာအကွယ်ပြုရေးယန္တရား[39] (Protection Mechanism) နှင့် ပြန်လည်ကုစားရေးယန္တရား[40] (Community Driven Grievance Mechanism) ကို အကောင်အထည်ဖော်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူလူထု ပါဝင်ရမည်။

၂၅။ လူ့အခွင့်အရေးနှင့် အလုပ်သမားဆိုင်ရာအခွင့်အရေး ချိုးဖောက်မှုများ၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဒေသဆိုင်ရာ သမိုင်းအမွေအနှစ်ပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရန် အတွက် ခိုင်မာသည့်ဥပဒေများ ထားရှိရမည်။

---

[35] လူ့အခွင့်အရေးများ အပေါ်အကျိုးသက်ရောက်မှု ရှိ/မရှိ ဆန်းစစ်ခြင်း (Human Rights Impact Assessment).

[36] စီးပွားရေးလုပ်ငန်းများ၏လူမှု ဘဝအပေါ်တာဝန်ယူမှု (Corporate Social Responsibility).

[37] သစ်တောနှင့်ကုန်သွယ်ရေးဥပဒေများကို ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်း (Forest Law Enforcement, Governance and Trade).

[38] လွတ်လပ်စွာ ကြိုတင်အသိပေးခြင်းနှင့် သဘောတူညီမှု ရယူခြင်း (Free, Prior and Informed Consent).

[39] "အကာအကွယ်ပြုရေးယန္တရား (Protection Mechanism)" ဆိုသည်မှာ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာသော လူ့အခွင့်အရေးချိုးဖောက်မှုများ (ဥပမာ - အလုပ်သမားအခွင့်အရေးများ)ကို ကာကွယ်ရန် တိကျသည့်ဥပဒေများချမှတ်ကာ ၎င်းကိုအကောင်အထည်ဖော်ရန် တရားစီရင်ရေးယန္တရားကို ဆိုလိုသည်။

[40] "ပြန်လည်ကုစားရေးယန္တရား (Community Driven Grievance Mechanism)" ဆိုသည်မှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကြောင့် နစ်နာခဲ့ရသော ဒေသခံဌာနေလူထု (သို့) ပတ်ဝန်းကျင်များအတွက် ၎င်းကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစုအဖွဲ့ (သို့) လုပ်ငန်းရှင်များမှ ပြန်လည်ပေးလျော်ခြင်း (သို့) ပြုပြင်ခြင်းများအတွက် ဥပဒေကြောင်းဖြင့် ဖွဲ့စည်းထားသော ကုစားသည့်ယန္တရားကို ဆိုလိုသည်။

# ၁၀။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ (မူကြမ်း)





## နောက်ခံသမိုင်း

ဤသစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ (မူကြမ်း) သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉-၁၁ ရက်နေ့များတွင် ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (Environment: Forest and Protected Areas; and Energy) အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် မူဝါဒများ ဖြစ်ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs)၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ(CSOs)များ၊ လူထုအခြေပြုအဖွဲ့အစည်းများ (CBOs) ပါဝင်တက်ရောက်ဆွေးနွေး အကြံပြုခဲ့သည်။

ထိုသို့ ရရှိလာသောအကြံပြုချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉-၃၁ နေ့ရက်များတွင် (EAOs) ခေါင်းဆောင်များ၊ UNA ခေါင်းဆောင်များ၊ ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒအကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအပိုဒ် (၃၇) တွင် နိုင်ငံတော်သည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် သယံဇာတအားလုံး၏ မူရင်းပိုင်ရှင်ဖြစ်သည် ဟု ဖော်ပြထားသည်။ ဤကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်ကြောင့် ဗဟိုချုပ်ကိုင်မှုနှင့် မှားယွင်းသောမူဝါဒ၊ ဥပဒေနှင့် အစိုးရစီမံခန့်ခွဲမှု ဖြစ်လာစေသည်။ လက်ရှိဥပဒေမူဘောင်အတွင်းတွင်လည်း တိကျပြည့်စုံမှုမရှိသည့်အပြင် တိုင်းရင်းသားပြည်သူ့ အကျိုးစီးပွားကို ကိုယ်စားမပြုဘဲ အချို့ဥပဒေများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေသည် (ဥပမာ - ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနှင့် ၁၉၉၂ ခုနှစ် သစ်တောဥပဒေ)။ ထို့အပြင် တိုင်းရင်းသားနယ်မြေများ၏ သစ်တောနှင့်မြေယာဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာစီမံခန့်ခွဲမှုကို ဆန့်ကျင်ဆောင်ရွက်ခြင်း (သို့မဟုတ်) မလိုက်နာခြင်းများ တွေ့ရှိရသည်။ ပြည်သူလူထု၏ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်အားနည်းခြင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်စေသော အသက်မွေးဝမ်းကြောင်း လုပ်ငန်းများရှိနေခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းတို့ များစွာဖြစ်ပေါ်နေသည်။ အကျိုးဆက်အဖြစ် သဘာဝတောရိုင်းတိရိစ္ဆာန်များ ပျောက်ကွယ်လာသည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းမြစ်များ ဆိုးရွားစွာပျက်စီးလာပြီး ဖြစ်သည်။

ဓာတုဗေဒ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ သဘာဝတွင်းထွက်များကို အလွန်အကျွံထုတ်ယူခြင်း၊ အကြီးစားစီမံကိန်းများ (ဥပမာ - ရေကာတာ)နှင့် အကြီးစား စိုက်ပျိုးရေးစီမံကိန်းများကြောင့်လည်း နိုင်ငံတစ်ဝန်းတွင် သစ်တောနှင့်ဂေဟစနစ် အပါ

အဝင် သဘာဝပတ်ဝန်းကျင်ဆိုးရွားစွာ ပျက်စီးလျက်ရှိရာ ရာသီဥတုသည်လည်း ဖောက်ပြန်လာပြီး ဖြစ်သည်။

ထို့ကြောင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင်လည်းကောင်း၊ ကြားကာလတွင်လည်းကောင်း တိုင်းရင်းသားလူထုတစ်ရပ်လုံးအတွက် အကျိုးဖြစ်ထွန်းမည့်သစ်တောနှင့် သဘာဝပတ်ဝန်းကျင်မူဝါဒများ ချမှတ်ရန် လိုအပ်လာပြီး၊ ၎င်းမူဝါဒများသည် နိုင်ငံတော်ပိုင်အစား တိုင်းရင်းသားလူထုပိုင် (People Ownership) အခြေခံမှုဖြင့် ချမှတ်မှသာ နိုင်ငံကိုအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။ သို့မှသာ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကို လူထုက ပါဝင်ချမှတ်ဆုံးဖြတ်ခွင့်၊ စီမံခန့်ခွဲအုပ်ချုပ်ခွင့်နှင့် အသုံးပြုခွင့်တို့ ရှိလာမည်ဖြစ်သည်။

## ဦးတည်ချက်

ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးနှင့် လူသားနှင့်အခြားသတ္တဝါအားလုံးအတွက် အစာရေစာဖူလုံရေးနှင့် လုံခြုံရေးတို့ကို အထောက်အကူပြုမည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကို လေးစားလိုက်နာ၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံပေးသည့် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ တိုင်းရင်းသားပြည်သူလူထုကို ဗဟိုပြုသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့်မှုကို အခြေခံရမည်။

၂။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများသည် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာကို အခြေခံရမည်။

၃။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးကို အထောက်အကူပြုရမည်။

၄။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ရေးဆွဲဖော်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့်တာဝန်ခံမှု ရှိရမည်။

၅။ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို ပညာပေးခြင်းနှင့်သတင်းအချက်အလက်များဖြန့်ဝေခြင်းတို့ကို အကောင်ထည်ဖော်သည့် မူဝါဒများပါဝင်ရမည်။

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုချက်များ

၁။ ကြားကာလတွင် သဘာဝပတ်ဝန်းကျင် အလွန်အကျွံထိခိုက်နေသည့် သစ်ထုတ်ယူသည့်စီမံကိန်းကြီးများနှင့် အခြားစီမံကိန်းကြီးများကို ဒေသခံတိုင်းရင်းသား ပြည်သူလူထုများ လွတ်လပ်စွာ ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော ပွင့်လင်းမြင်သာမှုရှိသည့် ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး ရပ်ဆိုင်းသင့်သည့်လုပ်ငန်းများကိုရပ်ဆိုင်းရမည်။

၂။ ကြားကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကျင့်သုံးနေသော သစ်တောဆိုင်ရာမူဝါဒဥပဒေများနှင့် သစ်တောဆိုင်ရာစီမံခန့်ခွဲမှုများကို အသိအမှတ်ပြုရမည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ အုပ်ချုပ်သည့်နေရာတွင် ၎င်းတို့နှင့်ညှိနှိုင်းသဘောတူညီချက်ရယူပြီး လုပ်ဆောင်ရမည်။

၃။ ကြားကာလတွင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှစ်ဘက်စလုံးမှ လွှမ်းမိုးမှုရှိသော နယ်မြေများတွင် ဒေသခံပြည်သူများမှ ကမကထပြုဆောင်ရွက်သည့် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အသိအမှတ် ပြုပေးရမည်။

၄။ ကြားကာလတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းသဘောတူညီချက်ရယူပြီး လုပ်ဆောင်ရမည်။

၅။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ဒုက္ခသည်များ (Refugees) ပြန်လည်နေရာချထားရေးအစီအစဉ်မပြီးဆုံးမီ ၎င်းတို့၏ မူလမြေနေရာတွင် သဘာဝနယ်မြေအသစ် သတ်မှတ်ခြင်းကို လုံးဝရှောင်ကျဉ်ရမည်။

၆။ လတ်တလောနှင့်ကြားကာလအတွက် မူဝါဒပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် လိုအပ်သောဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းတို့အပါအဝင် ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုထံတွင် အပြည့်အဝရှိရမည်။

၂။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ၊ ဥပဒေများ ရေးဆွဲချမှတ်ရာ

တွင်လည်းကောင်း၊ စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းတွင်လည်းကောင်း၊ ပြန်လည်သုံး သပ်ဆန်းစစ်ရာတွင်လည်းကောင်း ဒေသခံတိုင်းရင်းသားပြည်သူလူထုမှ တိုက်ရိုက် ပါဝင်ရမည်။

၃။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးထမ်းဥပဒေအရ တည်ရှိနေသည့် တိုင်းရင်းသားပြည်သူများစီမံခန့်ခွဲနေသော ကျေးရွာပိုင် မြေ၊ ရေ၊ သစ်တောနှင့် သဘာဝသယံဇာတများကို အသိအမှတ်ပြုသည့် နယ်နိမိတ်သတ်မှတ်ပြီး လိုအပ် သည့်ဥပဒေများ ပြဌာန်းပေးရမည်။

၄။ တိုင်းရင်းသားဒေသများတွင် ရိုးရာဓလေ့အရ တည်ရှိနေပြီးသော အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို အသိအမှတ်ပြုပြီး အကာအကွယ်ပေး၍ မြှင့်တင်ဆောင် ရွက်သွားရမည်။

၅။ ပြည်နယ်အဆင့်တွင် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေပြုခွင့်နှင့် အကောင်အထည်ဖော်ဆောင်ခွင့် ရှိရမည်။ လက်ရှိ သစ်တောနှင့် သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကို ပြန်လည် စစ်ဆေးပြီး ပြည်သူများကို အကျိုးမပြုသည့်ဥပဒေများအား ပယ်ဖျက်ပေးရမည်။

၆။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးလုပ် ဆောင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အထောက်အကူပြု ရမည်။

၇။ သစ်တောနှင့်ဂေဟစနစ် ပြန်လည်ထူထောင်ရေး မဟာဗျူဟာရေးဆွဲပြီး အကောင် အထည်ဖော်ရမည်။

၈။ နိုင်ငံတကာအစပြုသော စီမံကိန်းများ (REDD and FLEGT) လုပ်ဆောင်ရာတွင် သက်ဆိုင်ရာအစုအဖွဲ့များ (Stakeholders) နှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထု များနှင့် ညှိနှိုင်းတိုင်ပင် သဘောတူညီချက် ရယူရမည်။

၉။ လက်ရှိသစ်တောကြိုးဝိုင်းမြေဧရိယာများကို ထပ်မံတိုးချဲ့ခြင်း ပြုလုပ်လိုပါက ဒေသခံပြည်သူလူထုအားလုံးနှင့် ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးတိုင်ပင်၍ သဘောတူညီမှုရပြီးမှသာ လုပ်ဆောင်ရမည်။

၁၀။ လက်ရှိသစ်တောကြိုးဝိုင်း မြေဧရိယာများကို လိုအပ်ချက်အရ ပယ်ဖျက်ရာတွင် ဒေသခံပြည်သူလူထုများနှင့် ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးတိုင်ပင်၍သဘော တူညီမှုရပြီးမှသာ လုပ်ဆောင်ရမည်။

၁၁။ ဒေသခံပြည်သူလူထုများမှ တင်ပြလာပါက သစ်တောမြေ၊ ဘေးမဲ့တောမြေ၊ မြေ လွတ်မြေရိုင်းများကို အသေအချာ ကွင်းဆင်းလေ့လာပြီး သစ်တော၊ ဘေးမဲ့တော မြေ၊ မြေလွတ်မြေရိုင်းမြေမှ ကင်းလွတ်ပြုပြီး ပုဂ္ဂလိကပိုင်မြေအဖြစ် သတ်မှတ်ပေး ရမည်။

၁၂။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရာသီဥတုဖောက်ပြန်မှုများ၊ လေထု၊ ရေထု ထိခိုက်ညစ်ညမ်းမှုများကို ထိရောက်စွာထိန်းချုပ်ကာကွယ်သည့် ဥပဒေများနှင့် ရေအရင်းအမြစ်ဆိုင်ရာ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းအကောင်အထည်ဖော်ရမည်။

၁၃။ သဘာဝသစ်တောများကို ဖျက်ဆီး၍ အကြီးစားစိုက်ပျိုးရေးစီမံကိန်းများ ပြုလုပ်ခြင်းများကို ရပ်ဆိုင်းရမည်။

၁၄။ ထင်းနှင့်မီးသွေးလောင်စာများအစား အခြားပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေသောလောင်စာများကို အသုံးပြုနိုင်ရန် နည်းလမ်းရှာ၍ ပံ့ပိုးကူညီရမည်။

၁၅။ တစ်နိုင်ငံလုံးအတိုင်းအတာ သစ်တောပြန်လည်ထူထောင်ရေး အစီစဉ်များသည် တိုင်းရင်းသားလူထုအခြေပြု တစ်နိုင်တစ်ပိုင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အားပေးကူညီ၍ ၎င်းတို့ကို အထောက်အကူပြုသည့် သစ်တောပြန်လည်စိုက်ပျိုးရေးနှင့် သုံးစွဲပိုင်ခွင့်အစီအစဉ် ချမှတ်ရမည်။

၁၆။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပတ်သက်၍ ပြီးပြည့်စုံသော ဥပဒေနှင့်ယန္တရားများ ရေးဆွဲပြဋ္ဌာန်းပြီး ထိရောက်စွာ အကောင်အထည်ဖေါ်ရမည်။

၁၇။ ပျက်စီးသွားသော သစ်တောနှင့် သဘာဝပတ်ဝန်းကျင်များ ပြန်လည်ကုစားသည့် အစီအစဉ်တွင် ဒေသခံပြည်သူလူထုပါဝင်နိုင်သည့်ယန္တရား ထားရှိရမည်။ ထိခိုက်နစ်နာမှုအတွက် ထိထိရောက်ရောက် ပြန်လည်ကုစားပေးရမည်။

၁၈။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းပြီး ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည်။

၁၉။ သဘာဝပတ်ဝန်းကျင်ကို အခြေခံ၍ ဒေသခံပြည်သူလူထုအကျိုးအတွက် သဘာဝပတ်ဝန်းကျင် အခြေပြုစီးပွားရေးလုပ်ငန်းများ ဥပမာအားဖြင့် Ecotourism ရက္ခဗေဒဥယျာဉ်၊ တိရိစ္ဆာန်ဥယျာဉ်တို့ကို အားပေးမြှင့်တင်ရမည်။

# ၁၁။ စွမ်းအင်ဆိုင်ရာ မူဝါဒများ (မူကြမ်း)





## နောက်ခံသမိုင်း

ဤစွမ်းအင်ဆိုင်ရာ မူဝါဒအကြံပြုချက်များ (မူကြမ်း) သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၉-၁၁) ရက်နေ့များတွင် ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (Environment: Forest and Protected Areas; and Energy) အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် မူဝါဒအကြံပြုချက်များ ဖြစ်ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs)၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ စုဖွဲ့ထားသည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (UNA) နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း (CSOs) ပါဝင်တက်ရောက် ဆွေးနွေးအကြံပြုခဲ့သည်။

ထိုသို့ရရှိလာသော အကြံပြုချက်များအတွက် ဘုံနားလည်မှုများ (Common Understandings) ရရှိနိုင်ရန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၂၉-၃၁ နေ့ရက်များတွင် (EAOs) ခေါင်းဆောင်များ၊ UNA ခေါင်းဆောင်များ၊ ခေါင်းစဉ်အလိုက်ဖွဲ့စည်းထားသော CWGs (ခေါ်) အလုပ်အဖွဲ့ဝင်များနှင့် ပြန်လည်စုစည်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ထပ်မံပြုလုပ်၍ ရရှိထားသော မူဝါဒ အကြံပြုချက် (မူကြမ်း) များ ဖြစ်ပါသည်။

## နိဒါန်း

မြန်မာနိုင်ငံတွင် အကြီးစားရေကာတာနှင့် ကျောက်မီးသွေးစက်ရုံစွမ်းအင်စီမံကိန်းကြောင့် (ဥပမာ - ရွှေလီရေအားလျှပ်စစ် အမှတ် - ၁ တီကျစ်ကျောက်မီးသွေးစီမံကိန်း) သဘာဝပတ်ဝန်းကျင် ဆိုးဝါးစွာထိခိုက်စေခြင်း၊ ရာသီဥတုဆိုးဝါးစွာ ဖောက်ပြန်လာခြင်း၊ ရေလွှမ်းမိုးမှုဖြစ်ခြင်း၊ စိုက်ပျိုးမြေပျက်စီးခြင်း၊ ရေညစ်ညမ်းမှုဖြစ်စေခြင်း၊ တိုင်းရင်းသား ပြည်သူလူထု၏ ကျန်းမာရေးကို ဆိုးဝါးစွာထိခိုက်စေခြင်း၊ စားနပ်ရိက္ခာဖူလုံမှု လျော့နည်းလာခြင်း၊ ရေသယံဇာတ ဆုံးရှုံးခြင်း၊ ယဉ်ကျေးမှုအမွေအနှစ် ပျက်စီးခြင်း၊ မြေယာသိမ်း ဆည်းမှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်စေသည်။

အမျိုးသားစွမ်းအင် မဟာဗျူဟာစီမံကိန်းနှင့် မြန်မာလျှပ်စစ်စွမ်းအင်စီမံကိန်း (National Electricity Master Plan and National Electrification Plan) နှင့် စွမ်းအင်နှင့် ဖွံ့ဖြိုးရေးမူဝါဒ ဥပဒေများရေးဆွဲရာတွင် ဗဟိုမှချမှတ်ဆုံးဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများနှင့် ညှိနှိုင်းတိုင်ပင်မှု မပြုလုပ်သည့်အပြင် ၎င်းတို့မှပါဝင်ခွင့်မရှိခြင်း၊ ငြိမ်းချမ်းရေးမှတစ်ဆင့် တိုင်းရင်းသားများလိုလားသည့် သယံဇာတနှင့် စွမ်းအင်ဆိုင်ရာမူဝါဒသည် ဖက်ဒရယ်မူဝါဒနှင့် မကိုက်ညီခြင်းတို့ကြောင့် အကျိုးဆက်များအဖြစ် အစိုးရတပ်မတော်မှ နိုင်ငံရေးအရ တိုင်းရင်းသားနယ်မြေများကို စိုးမိုးနိုင်ရန် ကြိုးပမ်းအားထုတ်လာရာ အစိုးရတပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ထိခိုက်လာခြင်း၊ စွမ်းအင်ထုတ်လုပ်သည့်ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုတို့အကြား ပဋိပက္ခများဖြစ်ပေါ်လာခြင်း၊

အမျိုးသမီးနှင့် ကလေးများကကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးတို့တွင် ပိုမိုဆိုးကျိုးခံစားရခြင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်းစည်းစိမ်နှင့်လုံခြုံရေးကို ခြိမ်းခြောက်လာခြင်း၊ ရွှေ့ပြောင်းအလုပ်သမားပြဿနာအပါအဝင် မလိုလားအပ်သော လူမှုရေးပြဿနာများဖြစ်ပေါ်လာခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်များ ထိခိုက်စေခြင်း (ဥပမာ - စွန့်ပစ်ပစ္စည်းများနှင့် ရေကာတာဖွင့်ပိတ်ခြင်းကြောင့် ငါးဖမ်းလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများပျက်စီးခြင်း) ဖြစ်လာသည်။

လက်ရှိ အမျိုးသားစွမ်းအင်မဟာဗျူဟာစီမံကိန်းသည် ပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက်သာဖြစ်၍ ပြည်တွင်းအတွက် လျှပ်စစ်စွမ်းအင်ပံ့ပိုးမှုသည် ၎င်းလုပ်ငန်း၏ အစိတ်အပိုင်းအနည်းငယ်သာ ဖြစ်သည်။ အများအားဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုသည် အကြီးစားစီမံကိန်းများမှ ရရှိသည်။ အမျိုးသားစွမ်းအင်မဟာဗျူဟာစီမံကိန်းသည် ရန်ကုန် မန္တလေး၊ နေပြည်တော်ကဲ့သို့ အထင်ကရမြို့ကြီးများကို လျှပ်စစ်ဓာတ်အားပေးသည့် ပင်မထိန်းချုပ်သော လျှပ်စစ်ဓာတ်တိုင်စနစ်ကို အသုံးပြုသောကြောင့် ရပ်ရွာအများစုဖြစ်သော အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် လျှပ်စစ်ဓာတ်တိုင် မရောက်ရှိသောကြောင့် လျှပ်စစ်မီးမရဘဲ ရှိနေသည်။

ထို့ကြောင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင်လည်းကောင်း၊ ကြားကာလတွင်လည်းကောင်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် အကျိုးဖြစ်ထွန်းမည့် စွမ်းအင်ဆိုင်ရာမူဝါဒများ ချမှတ်ရန်လိုအပ်သည်။

## ဦးတည်ချက်

တိုင်းရင်းသားလူမျိုးများလိုလားသည့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့်ကိုက်ညီသည့် စွမ်းအင်မူဝါဒ ဖြစ်ပေါ်လာရန်။

## အခြေခံလမ်းညွှန်မှုများ

၁။ စွမ်းအင်ရရှိရေးသည် အခြေခံလူ့အခွင့်အရေးဖြစ်သည့်အတွက် ၎င်းကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး မျှတစွာ စီမံခန့်ခွဲခွင့်နှင့် သုံးစွဲပိုင်ခွင့်ရှိသည့် မူဝါဒများကို အခြေခံရမည်။

၂။ စွမ်းအင်မူဝါဒများကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်နှင့်အညီ ရေးဆွဲရမည်။

၃။ စွမ်းအင်မူဝါဒများသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးကို အထောက်အကူပြုရမည်။

၄။ စွမ်းအင်မူဝါဒများရေးဆွဲရာတွင် ဒေသခံပြည်သူများပါဝင်ပြီး ပွင့်လင်းမြင်သာမှု၊

တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိရမည်။

၅။ စွမ်းအင်မူဝါဒများရေးဆွဲရာတွင် နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အညီ ဖြစ်ရမည်။

## မူဝါဒအကြံပြုချက်များ

### (က) ကြားကာလဆိုင်ရာ မူဝါဒအကြံပြုများ

၁။ ကြားကာလတွင် တည်ရှိနေသော စွမ်းအင်ဆိုင်ရာစီမံကိန်းများကို လူ့အခွင့်အရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒသဘောထားဆုံးဖြတ်ချက်အပေါ် အခြေခံ၍ ပြန်လည်သုံးသပ်၍ ရပ်ဆိုင်းသင့်သည်များကို ရပ်ဆိုင်းရမည်။

၂။ လတ်တလောအကောင်ထည်ဖော်ရန် စီစဉ်နေသော စွမ်းအင်စီမံကိန်းအားလုံးကို ရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးသဘောတူညီမှု ရယူပြီးမှသာ ဆက်လက်အကောင် အထည်ဖော်သင့်သည့် စီမံကိန်းများကို အကောင်အထည်ဖော်ရမည်။

၃။ ကြားကာလတွင် တိုင်းရင်းသားနယ်မြေများအတွင်း စွမ်းအင်စီမံကိန်းများ ဖော်ဆောင်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူလူထုများနှင့် ညှိနှိုင်းတိုင်ပင်ပြီး သဘောတူညီချက်ရယူရမည်။

### (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ စွမ်းအင်မူဝါဒများရေးဆွဲရာတွင် ဒေသခံတိုင်းရင်းသား ပြည်သူလူထုနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ရမည်။

၂။ စွမ်းအင်ပိုင်းဆိုင်ရာစီမံခန့်ခွဲခွင့်နှင့် အကျိုးအမြတ်ခွဲဝေခံစားခွင့်တို့ကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား တိကျစွာ ခွဲဝေနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာ ရေးဆွဲပြဋ္ဌာန်းရမည်။

၃။ ပြည်နယ်များသည် ၎င်းပြည်နယ်အတွင်း စွမ်းအင်ပိုင်းဆိုင်ရာများကို လွတ်လပ်စွာ စီမံခန့်ခွဲမှုအာဏာ အပြည့်အဝ ရှိရမည်။ ပြည်ထောင်စုရှိ အခြားပြည်နယ်များနှင့် သက်ဆိုင်သော စွမ်းအင်ပိုင်းဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်သွားရမည်။

၄။ ပြည်ပသို့ ထုတ်ရောင်းနေသော စွမ်းအင်များကို ပြန်လည်သုံးသပ်ပြီး ပြည်တွင်း ဖူလုံရေးကို ဦးစားပေးရမည်။

၅။ နိုင်ငံအတွင်း စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းအကောင်အထည်ဖော်ရာတွင် ဒေသခံတိုင်းရင်းသား ပြည်သူလူထုများသည် စွမ်းအင်စီမံကိန်းမူဝါဒများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းအဆင့်တိုင်းတွင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။

၆။ ဒေသနှင့်ကိုက်ညီသည့် အသေးစားလျှပ်စစ်စီမံကိန်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းများကို အားပေးသည့်ဥပဒေ၊ နည်းဥပဒေများနှင့်မူဝါဒများကို တိုင်းရင်းသားများအား ဖက်ဒရယ်ဒီမိုကရေစီစနစ်နှင့်အညီ ရေးဆွဲပြဋ္ဌာန်း၍ ဦးစားပေး လုပ်ဆောင်ရမည်။

၇။ စွမ်းအင်ဆုံးရှုံးနေသည့် လက်ရှိကျင့်သုံးနေသောစွမ်းအင် ဖြန့်ဖြူးသည့်စနစ်များကို အမြန်ဆုံးပြင်ဆင်ရမည်။ စွမ်းအင်ကို ပြည်နယ်အလိုက် သာတူညီမျှစွာ ဖြန့်ဖြူးရမည်။

၈။ ကျောက်မီးသွေးဖြင့် ထုတ်လုပ်မည့် လျှပ်စစ်စွမ်းအင်အားလုံးကို လုံးဝရပ်တန့်ရမည့်အပြင် တိုင်းရင်းသားပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာထိခိုက်နစ်နာစေနိုင်သော လက်ရှိစွမ်းအင်စီမံကိန်းများကို ပြန်လည်စိစစ် ရပ်ဆိုင်းရမည်။

၉။ စွမ်းအင်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုဆန်းစစ်ချက်၊ လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုဆန်းစစ်ချက်တို့ကို ပဏာမဆောင်ရွက်ရန်နှင့် စွမ်းအင်စီမံကိန်းများကို ဖော်ဆောင်ရာတွင် သတင်းအချက်အလက်များ လွတ်လပ်စွာကြိုတင်အသိပေးခြင်းနှင့် သဘောတူညီမှုရယူခြင်း (Free, Prior and Informed Consent) နှင့်အညီ လုပ်ဆောင်ရမည်။

၁၀။ စွမ်းအင်စီမံကိန်းများ၏ ဆိုးကျိုးသက်ရောက်မှုများကို တရားမျှတမှု၊ တာဝန်ယူ၊ တာဝန်ခံမှုရှိသည့် မူဝါဒများနှင့် ပြန်လည်ကုစားသည့် လုပ်ငန်းစဉ်များ ရေးဆွဲ အကောင်ထည်ဖော် ဆောင်ရွက်ရမည်။

၁၁။ ထုတ်လုပ်ထားသည့်စွမ်းအင်များကို တိုင်းရင်းသားပြည်သူလူထု၏ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အသုံးပြုရမည်။

# မှတ်တမ်းဓာတ်ပုံများ

## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးခြင်း









## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးခြင်း










# ပြည်နယ်နှင့်တိုင်းများရှိ နိုင်ငံရေးပါတီများ လူထုအခြေပြုအဖွဲ့အစည်းများ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးခြင်း








# ပြည်နယ်နှင့်တိုင်းများရှိ နိုင်ငံရေးပါတီများ လူထုအခြေပြုအဖွဲ့အစည်းများ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးခြင်း











အခြေခံသင့်သော ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ (မူကြမ်း)
အလုပ်ရုံဆွေးနွေးပွဲ
Hotel Madira
မြစ်ကြီးနားမြို့ ကချင်ပြည်နယ်


Ethnic Nationalities Affairs Center (Union of Burma)
အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာတွင်
အခြေခံသင့်သောကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များ (မူကြမ်း)
အလုပ်ရုံဆွေးနွေးပွဲ
စစ်တွေမြို့၊ ရခိုင်ပြည်နယ်
မတ်လ ၁၇-၁၈၊ ၂၀၁၇


Ethnic Nationalities Affairs Center (Union of Burma)
Academic Workshop on
csec


Process



